mgyoe.com



# အထောက်တော်လှအောင်

## အမှောင်ကိုလွန်မြောက်သော်


## THE ONION FIELD

Joseph Wambaugh

mgyoe.com

ဒုတိယအကြိမ်

mgyoe.com



# အထောက်တော်လှအောင်

## အမှောင်ကိုလွန်မြောက်သော်

၁၉၆၉ အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားမှ လူသတ်မှုတစ်ခု၊ တရားရုံးစစ်ဆေးချိန် ၇ နှစ်နီးပါးကြာမြင့်ခဲ့သော စံချိန်တင်တရားခွင်၊ တရားသူကြီး ၁၂ ယောက်ထိ အများဆုံးပြောင်း စစ်ဆေးခဲ့ရသည့် အမှု၊ စစ်ဆေးချက်မှတ်တမ်း စာမျက်နှာပေါင်း ၄၅၀၀၀ ကျော်၊ အုပ်တွဲပေါင်း ၁၅၀ ကျော်. . .

ISBN 9789997113191

HA14

9 789997 113191

3,000.00KS

mgyoe.com

mgyoe.com

အမှောင်ကိုလွန်မြောက်သော်၊ အထောက်တော်လှအောင်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၂၂၃ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ အောက်တိုဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၈၅ ငြိမ်းအေးစာပေ၏ ပထမအကြိမ်မှု၊

ရောင်းဈေး ၃၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အမှောင်ကိုလွှန်မြောက်သော်
# THE ONION FIELD

**Jozeph Wambaugh**

အထောက်တော်လှအောင်

မြန်မာပြန်

ဒုတိယအကြိမ်၊ ၂၀၀၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မြန်မာပြန်သူ၏ အမှာ

'အမှောင်ကိုလွန်မြောက်သော်' သည် ၁၉၆၉ ခုနှစ် မတ်လ ၉ ရက် စနေနေ့ညက အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယား ပြည်နယ်တွင် အမှန်တကယ် ဖြစ်ပွားပေါ်ပေါက်ခဲ့သော တကယ့် အဖြစ်မှန် လူသတ်မှုဇာတ်လမ်း ဖြစ်လေသည်။

အဆိုပါ လူသတ်မှုကို တရားရုံးသို့ တင်ပို့ပြီး တရားစွဲဆို စစ်ဆေးရာ အချိန်ကာလအားဖြင့် စုစုပေါင်း ခုနစ်နှစ်နီးပါး ကြာမြင့် ခဲ့လေသည်။ ကာလီဖိုးနီးယားပြည်နယ် တရားစီရင်ရေးသမိုင်းတွင် ကာလအရှည်ကြာဆုံး အမှုအဖြစ် စံချိန်တင်ခဲ့လေသည်။

ရုံးများ အကြိမ်ကြိမ် ပြောင်းရွှေ့ စစ်ဆေးရလေရာ စုစုပေါင်း တရားသူကြီး ၁၂ ယောက်အထိ ပြောင်းလဲခဲ့ရလေသည်။ တရားသူ ကြီး အများဆုံးပြောင်းရသည့် အမှုအဖြစ်လည်း စံချိန်တင်ခဲ့ပြန်ပါ သည်။

ထိုအမှုနှင့်ပတ်သက်ပြီး စစ်ဆေးချက်များကို ရုံးတော်က မှတ်တမ်းတင်ရာ စာမျက်နှာပေါင်း ၄၅,၀၀၀ ကျော် အုပ်တွဲပေါင်း

mgyoe.com

mgyoe.com


၁၅၀ ကျော်အထိ ရှိပါသည်။ မှတ်တမ်းအများဆုံးတင်ရသော အမှုအဖြစ်လည်း စံချိန်တင် ထားခဲ့ပြန်ပါသည်။

ယင်းသို့သော အမှုနှင့် ပတ်သက်သည့် 'အမှောင်ကို လွှန်မြောက်သော်' စာအုပ်ကို ပြန်မာပြန်ဆိုရာတွင် အဓိကရည်ရွယ်ချက်နှစ်ရပ် ကျွန်တော့်မှာ ရှိပါသည်။

**ပထမအချက်မှာ** သူတို့နိုင်ငံ၏ ဓလေ့စရိုက်များကို အထိုက် လျောက် ရိပ်စားမိစေရန် ဖြစ်ပါသည်။

တရားရုံးတော်တွင် အမှုစစ်ဆေးနေခိုက် အစိုးရ ရှေ့နေနှင့် တရားခံရှေ့နေတို့ ရှန်းရင်းဆန်ခတ် ဖြစ်ကြပုံ တရားသူကြီးတားမရပုံ တရားခံများကလည်း တရားခွင်မှာပင် အော်ချင်သလိုအော်၊ ဟာစ်ချင်သလို ဟာစ်၊ ပြောချင်ရာ ဝင်ပြော ပြုလုပ်နေကြရုံမက တရားခွင်မှာ မိမိထိုင်နေသည့် ကုလားထိုင်ကိုပင် ခြေထောက်နှင့် ကန်ပစ်လိုက်ပုံများကို ဖတ်ရခြင်းအားဖြင့် အထိုက်အလျောက် ရိပ်စားမိမည်ဟု ယုံကြည်ပါသည်။

**ဒုတိယအချက်မှာ** အနိုင်မခံ အရှုံးမပေးသော စိတ်ဓာတ်ရေးရာ အင်အားပင် ဖြစ်ပါသည်။

ပုလိပ်အရာရှိ ကားလ်၏ ဇနီး ဟယ်လင်၏ စရိုက်များက ထိုအချက်ကို ထင်ရှားပေါ်လွင်စေပါလိမ့်မည်။

မဖြစ်လောက်သော အမှုကလေးတစ်ခုမှ လူပေါင်းများစွာ ဘဝပျက်သွားရသည့် ဇာတ်လမ်းမှာ သတိသံဝေဂ တရားပွားများဖွယ်ရာ ဖြစ်ပါသည်။

mgyoe.com

ဤစာအုပ်သည် ကိုယ့်အိမ်ကိုယ့်ရာမှာ မဟုတ်ဘဲ တစ်ရပ်တစ်ကျေးမှာရေးသော ကျွန်တော်၏ စတုတ္ထမြောက်စာအုပ် ဖြစ်ပါသည်။

ထို့ကြောင့် ကြုံတွေ့ရသည့် အခက်အခဲ အရပ်ရပ်တို့ကို ဖြေရှင်းပေးပြီး ကျွန်တော် လိုအပ်သည်များ ပြည့်စုံအောင် ဖြည့်ဆည်းပေးကြသော တောင်ကြီးဟိုတယ် မန်နေဂျာ ဦးမြသာနှင့် ကလောဟိုတယ် မန်နေဂျာ ဦးဝင်းကြည်တို့အားလည်းကောင်း၊ ကလောဟိုတယ် ဧည့်ကြိုဌာနမှ ဦးပီတာ၊ သင်းသင်းမွန်၊ သွယ်သွယ်အေးတို့ကိုလည်းကောင်း၊

ဘားခန်းမှ ဦးစန်းယုံ၊ ကိုဆန်နီ၊ အောင်မင်းသန့်နှင့် အဖွဲ့သားများကို လည်းကောင်း၊

စားသောက်ခန်းမှ ကိုမြင့်သိန်း၊ ကိုအောင်ခိုင်သန်း၊ ကိုစိန်မျိုးအောင် (ကိုပန်)၊ ကိုထိန်လင်းနှင့် အဖွဲ့သားများကို လည်းကောင်း၊

အိပ်ဆောင်တာဝန်ခံများ ဖြစ်ကြသော ကိုထိန်မင်း၊ မနှင်းဝေစသူတို့ကိုလည်းကောင်း ကျေးဇူးတင်ကြောင်း အမှတ်တရ ဖော်ပြအပ်ပါသည်။

'အမှောင်ကိုလွန်မြောက်သော်' စာအုပ်ကို ကျွန်တော်စတင်မြန်မာ ပြန်ဆိုသည့် ပထမနေ့မှာပင် မမျှော်လင့်ဘဲ လက်နှိပ်စက်ချွတ်ယွင်းသွားလေရာ လက်တိုငါးရိုးမျက် ဖြစ်ခဲ့ရပါသည်။

ရန်ကုန်ပြန်ပြီး ပြင်ဖို့ဆိုသည်မှာလည်း မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်တော့ပါ။

ထိုသို့ လက်တိုငါးရိုးမျက် ဘဝဖြင့် ကြံရာမရ ဖြစ်နေခိုက် ဘုရားကုန်း၊ ယုဇနလမ်းမှ ဦးအုန်းမြင့် ရောက်လာပြီး ပြင်ဆင်ပေးသွားသဖြင့် အထစ်အငေါ့မရှိဘဲ ချောမောစွာ ဆက်လက်ပြန်ဆိုနိုင်ခဲ့ပါသည်။

ဦးအုန်းမြင့်သည် လက်နှိပ်စက်ပြင်စားသူ မဟုတ်ပါ။ သို့သော်လည်း ဟိုဟာနည်းနည်း၊ သည်ဟာနည်းနည်း အရာရာကို

mgyoe.com

mgyoe.com

တီးမိခေါက်မိသူ ဖြစ်လေသည်။

ထို့ကြောင့် ဦးအုန်းမြင့်၏ ကူညီမှုသည် ဤစာအုပ်ပြီး မြောက်ရာတွင် အဓိကဖြစ်ပါကြောင်း ဖော်ပြမှတ်တမ်းတင် အပ်ပါသည်။

အထောက်တော်လှအောင်

❑

mgyoe.com

mgyoe.com

ဥယျာဉ်မှူးသည် တစ်ရံရောအခါက သူခိုးတစ်ယောက် ဖြစ်ခဲ့ဖူးပါ၏။ သူ့စိတ်ကို အကြီးအကျယ် အနှောင့်အယှက်ပေးနေသည်မှာ ထိုအချက်ပင် ဖြစ်ပါသည်။

တရားရုံးတွင် အစစ်ဆေးခံရသည့်ကိစ္စက သူ့အဖို့ ယခင်ကလောက် အနှောင့်အယှက် မဖြစ်တော့ပါ။

ထိုခံစားချက်ကလည်း သူ့အဖို့ တစ်မျိုးထူးဆန်းနေပါသည်။ တစ်ချိန်တုန်းက-တရားရုံးတွင် အစစ်ဆေးခံရမည်ကို သေမလောက် ကြောက်ခဲ့ဖူးပါသည်။

ယခုမူ ကြောက်စိတ် လုံးဝမရှိတော့ပြီ။

ရုံးချိန်းရက်တွင် တရားရုံးသို့ သွားသည်။ ရုံးတော်မှ စစ်ဆေးမေးမြန်းသည်များကို ထွက်ဆိုသည်။ ပြီးတော့ တရားရုံးကို ကျောခိုင်းကာ ဥယျာဉ်မှူးလုပ်ငန်းကို ပြန်လည်လုပ်ကိုင်နေလိုက်တော့သည်။

စစ်ဆေးနေဆဲ အမှုသည် မပြီးပြတ်နိုင်ဘဲ နောက်လာမည့် ဆယ်စုနှစ်အတွင်းသို့ ကူးပြောင်းဝင်ရောက်သွားမည်ကိုသာ အားလုံးက စိုးရိမ်နေခဲ့ကြသည်။

ယခုတော့ ရှင်းသွားပါပြီ။ အမှုက ပြီးစီးသလောက် ဖြစ်နေပါပြီဟု

mgyoe.com

mgyoe.com
သူ့ကိုဖွင့်ဟပြောဆိုကြလေသည်။ ၁၉၇၀ ပြည့်နှစ်သို့ ရောက်ရန်မှာလည်း ရက်သတ္တရှစ်ပတ်လောက် လိုနေသေးသည်။

ဥယျာဉ်မှူးသည် တစ်ခါတစ်ရံတွင်သာ ဦးထုပ်ဆောင်းလေ့ရှိသည်။ ယနေ့တော့ အပြန့်ကျယ်သည့် မြက်ဦးထုပ်ကြီးကို ဆောင်းထားသည်။ နေရောင်ကွယ်ဖို့ မဟုတ်ပါ။ မျက်လုံးထဲသို့ ချွေးများ စီးကျမလာစေရန် အကာအကွယ် သဘောမျှသာ ဖြစ်ပါသည်။

အမှောင်ရိပ်ကို သူစက်ဆုပ်မုန်းတီးပါသည်။ အမှန်ကတော့ ည အမှောင်ကို စက်ဆုပ်မုန်းတီးခြင်းသာလျှင် ဖြစ်ပါသည်။

ထို့ကြောင့်လည်း တစ်ခါတစ်ရံတွင် နံနက်အရုဏ်တက်သည်အထိ ညလုံးပေါက် ငုတ်တုတ်ထိုင်နေတတ်သည်။

တစ်ညလုံး မည်မျှပင် အိပ်ရေးပျက်ပြီး ပင်ပန်းနွမ်းနယ်နေစေကာမူ နောက်တစ်နေ့ အလင်းရောင်ကို မြင်တွေ့လိုက်ရသည်တွင် ကျေနပ်အားရ ဖြစ်ရသည်ချည်းပင်။

"ရေခဲသေတ္တာထဲက လက်ဖက်ရည် အေးအေးကလေးတစ်ခွက်လောက် သောက်လိုက်ပါဦးလား"

အဘွားကြီးက အိမ်မျက်နှာစာ အပြင်ဘက်သို့ ထွက်လာပြီး လှမ်းမေးသည်။ အဘွားကြီး ထိုသို့ ထွက်လာသည်ကို ဥယျာဉ်မှူး မမြင်တွေ့လိုက်ပါ။

"မသောက်တော့ပါဘူး ခင်ဗျာ၊ ဟောဒီ ထင်းရှူးပင်ကလေးရဲ့ အကိုင်းတွေ အလောတော် ဖြစ်သွားအောင် ကျွန်တော် နည်းနည်း တိလိုက်ပါဦးမယ်"

ထင်းရှူးပင်ငယ်အနားတွင် ဆောင့်ကြောင့်ထိုင်ပြီး ကတ်ကြေးကို အသင့်ကိုင်ထားသော ဥယျာဉ်မှူးက အလိုက်သင့် ပြန်ဖြေသည်။

"ဒီအပင်ဟာ အပြာရောင် အပင်မျိုးလား"

"ကျွန်တော်သိသလောက်တော့ အပြာရောင်အပင်မျိုးပါပဲ၊ ထင်းရှူးအမျိုးအစားတွေထဲမှာ အမြင့်ဆုံးအမျိုးအစားပါပဲ၊ အင်မတန်လည်း လှပါတယ်"

ဥယျာဉ်မှူးက ထိုသို့ပြန်ဖြေရင်း သူ့သူငယ်ချင်းနှင့်အတူတူ ဥယျာဉ်
mgyoe.com

mgyoe.com


တစ်ခု ပြုပြင်ခဲ့ကြစဉ်က အကြောင်းများကို ပြန်ပြောင်းစဉ်းစား နေမိလေသည်။ သူ့သူငယ်ချင်းသည် ရက္ခဗေဒနာမည်ပေါင်းများစွာကို ကောင်းစွာ သိကျွမ်းသူ ဖြစ်လေသည်။

ဥယျာဉ်မှူးသည် လွန်ခဲ့သည့်နှစ်အတွင်း တတ်နိုင်သလောက် တစ်ကိုယ်တည်းနေခဲ့သည်။ တစ်ယောက်တည်း အလုပ်လုပ်ခဲ့သည်။ ထို အချိန်များတုန်းကတော့ တစ်ယောက်တည်းနေရသည်ကိုပင် သဘောကျခဲ့ လေသည်။

"သူငယ်က ထင်းရှူးပင်တွေအကြောင်းကို တော်တော်သိတာပဲ၊ သိပ် ကောင်းတာပေါ့ကွယ်" ဟု အဘွားကြီးက ပြောသည်။

"နာမည်လောက် သိတာပါခင်ဗျာ"

ဥယျာဉ်မှူးက အလိုက်သင့်ပြန်ဖြေပြီး မြက်ဦးထုပ်ကြီးကို ချွတ်ကာ နေလုံးကို မော့ကြည့်သည်။ သူ့မျက်နှာမှာ ဖုန်များ၊ သဲများနှင့် ပေကျံနေ သည်။

သူပြောလိုက်သည့်စကားကို သူပြန်စဉ်းစားကြည့်နေမိသည်။ သူ မှတ်မိသော အကြောင်းအရာတွေ အများကြီး ရှိပါသည်။ ထိုနည်းတူစွာပင် အကြောင်းအရာပေါင်း များစွာတို့ကလည်း သူ့မှတ်ဉာဏ်ထဲမှ ထွက်ပြေး ပျောက်ကွယ်ကုန်ကြလေသည်။ ပြန်လည် အမှတ်ရနိုင်ဖို့ မဖြစ်နိုင်တော့သော အခြေအနေမျိုးပင်။

'ကားမရပ်ရ' ဟူသော ဆိုင်းဘုတ်ရှိရာသို့ လှမ်းမျှော်ကြည့်လိုက်မိ သည်။

ဆိုင်းဘုတ်ပေါ်မှာ ရေးဆွဲထားသော အနီရောင်မြားကို စိုက်ကြည့်ရင်း စိတ်ထဲမှာ တစ်စုံတစ်ရာကို အမှတ်ရလာသည်။

ထိုသို့ အမှတ်ရမိသည်မှတစ်ဆင့် ကြောက်စိတ်ပါ ဝင်လာသည်။ ကြောက်စိတ်ဝင်လာသည်နှင့် တစ်ပြိုင်တည်း ဦးခွံအောက်က နာကျင်လာ သည်။

ထို့ကြောင့် မြက်ခင်းကိုဖြတ်ပြီး မြက်ရိတ်စက်ရှိရာသို့ လျှောက်သွား သည်။ ယခုလို ဝေဒနာမျိုး ခံစားနေရခိုက်တွင် အဘွားကြီးနှင့် စကားလက်ဆုံ ကျမနေလိုပါ။ စကားလက်ဆုံကျနေခြင်းအားဖြင့် ဝေဒနာပိုမို ဆိုးရွားလာဖို့

mgyoe.com

mgyoe.com


သာ အကြောင်းရှိလေသည်။

စိတ်အပြောင်းအလဲဖြစ်သွားအောင် အလုပ်တစ်ခုခု လုပ်နေခြင်းက သာ အကောင်းဆုံး ဖြစ်ပေမည်။

ဦးခွံထဲမှ နာကျင်သည့် ဝေဒနာသည် ထိုနေရာမှတစ်ဆင့် တစ်ခေါင်းလုံးသို့ ပျံ့နှံ့သွားတော့မည်။ ပြီးလျှင် ဦးခေါင်းပွင့်ထွက်သွားမတတ် ဝေဒနာကို ကြီးမားစွာ ခံစားရပေတော့မည်။

ဝေဒနာသက်သာသွားခြင်း မရှိသော်လည်း ဥယျာဉ်မှူးက သူကျူးလွန်ခဲ့ဖူးသည့် ရာဇဝတ်မှုများအကြောင်းကို ပြန်လည်စဉ်းစားနေမိပြန်သည်။

ကုန်တိုက်ကြီးတစ်ခုအတွင်းမှာ သူ လှည့်လည်သွားလာခဲ့ဖူးသည်။

ထိုသို့ လှည့်လည်သွားလာရင်း သူ အသုံးလိုနေသည့် ပစ္စည်းတစ်ခုကို သွားမြင်သည်။

အင်္ဂတေဖောက်သည့် လွန်သွားများ ဖြစ်သည်။

သူ့အိမ်ရှိ နံရံများတွင် လိုအပ်သည်များ ပြုပြင်ရန် ထိုလွန်သွားများကို သူ အလိုရှိနေပါသည်။

ထို့ကြောင့် ဆိုင်ပေါ်တွင် ခင်းကျင်းပြသထားသည့် လွန်သွားအချို့ကို ရုတ်တရက် ကောက်ယူပြီး အိတ်ထဲသို့ ထည့်လိုက်မိသည်။

သူ ဘာလုပ်လိုက်သည်ကို သူ့ကိုယ်သူပင် မယုံကြည်နိုင်လောက်အောင် ဖြစ်နေသည်။

သို့သော်လည်း သူ့ နှလုံးသွေးများ အခုန်မြန်လာသည်။ ကြောက်လန့်စိုးရိမ်စိတ်ထက် စိတ်လှုပ်ရှားမှုက ပိုမိုများပြားပါသည်။

ယခု ခံစားနေရသည်ကို စိတ်လှုပ်ရှားမှုဟု ခေါ်လေသလား။

သည်အတိုင်းဆိုလျှင်တော့ ဟိုတုန်းက သူ ခံစားခဲ့ဖူးသည့် စိတ်လှုပ်ရှားမှုများအကြောင်းကို ပြက်ပြက်ထင်ထင်ကြီး ပြန်လည်အမှတ်ရနေမိလေသည်။

သူ ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအကြောင်းကိုလည်း ပြန်လည်အမှတ်ရနေမိလေသည်။

ဟိုတုန်းကတော့ သူ့စိတ်ထဲမှာ မည်သို့သော ခံစားချက်မျှ မရှိဟု ထင်မှတ်ခဲ့လေသည်။

mgyoe.com

mgyoe.com


သူတစ်ပါးပစ္စည်းခိုးယူသည့် လုပ်ငန်းကို အသေးအဖွဲ့ကလေးများမှ သူ စတင်ခဲ့ခြင်းဖြစ်ကြောင်းကိုလည်း ဉယျာဉ်မှူးက ပြန်လည် အမှတ်ရနေမိပြန်သည်။

မြက်ရိတ်စက်မှ လွင့်စဉ်ထွက်လာသော မြက်များက သူ့မျက်နှာကို လာရောက် ထိမှန်နေကြလေသည်။ သင်းပျံ့သော မြက်များ၏ ရနံ့များကိုလည်း ရှုရှိုက်နေမိလေသည်။

ထိုသို့ ရှုရှိုက်မိသောအခါတွင် ကြက်သွန်ခင်းထဲမှာ ကြုံတွေ့ခဲ့ရသည့် ညတစ်ည၏ အဖြစ်အပျက်များကို အစဖော်ပေးလိုက်သလို ရှိပြန်လေသည်။

ကြက်သွန်ခင်းထဲမှ အဖြစ်အပျက်များနှင့် ကြုံတွေ့ရပြီးသည့် နောက်ပိုင်းမှစ၍ သူ သူခိုးဘ၀သို့ ကျရောက်ခဲ့ရခြင်း ဖြစ်လေသည်။

မည်သို့ပင်ဆိုစေကာမူ ကြက်သွန်ခင်းထဲမှ လူလေးယောက်နှင့် လူသတ်မှုအမှုတစ်ခု ဖြစ်ပွားခဲ့သည့် အကြောင်းများကိုပင် သူ၏ သူခိုးဘ၀ ခံစားချက်များက လွှမ်းမိုးဖုံးကွယ်ပစ်လိုက်လေတော့သည်။

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# [ ၁ ]

ကြက်သွန်ခင်းထဲမှ အရေးအခင်းသည် စနေတစ်ညတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်လေသည်။

ဟောလီးဝုဒ်ရုပ်ရှင်မြို့တော်၏ စနေနေ့ညမှာ မော်တော်ကားသူခိုးများ ထကြွသောင်းကျန်းစမြဲ ဖြစ်သည်။

ထို့ကြောင့် ပုလိပ်အဖွဲ့ဝင်များက စနေနေ့ညရောက်ပြီဆိုလျှင် ဆန်းဆက်ဘူလဗား လမ်းကျယ်ကြီးတစ်ဝိုက်ကို ပိုမိုအာရုံစိုက်ကြရသည်။ ထိုနေရာတစ်ဝိုက်တွင် မော်တော်ကားသူခိုးများ ပိုမိုသောင်းကျန်းတတ်လေသည်။

ထိုနေရာတစ်ဝိုက်တွင် လူတွေကလည်း စုံသည်။ သူခိုးများ၊ ခါးပိုက်နှိုက်များ၊ လူဆိုးဂိုဏ်းဝင်များ၊ ပြည့်တန်ဆာများ၊ ထောင်ထွက်များ၊ သင်္ဘောသားများ၊ မရိန်းတပ်သားများ လူမျိုးတစ်ရာ့တစ်ပါး ရှိနေကြမြဲ ဖြစ်သည်။ အတော်ကလေး ညဥ့်နက်လာပြီဆိုလျှင် နာမည်ကြီးကလပ်များက ပိတ်ကြသည်။ ထိုအချိန်မျိုးတွင် အရက်ဆိုင်သေးသေးနှင့် စားသောက်ဆိုင်သေးသေးကလေးများသာ ကျန်တော့လေရာ လူဆိုးများ အကြိုက်

mgyoe.com

mgyoe.com


အတွေ့ဆုံးသော အချိန်ဖြစ်သည်။

လူဆိုးများ အကြိုက်တွေ့ကြသကဲ့သို့ပင် လုပ်သက်ရင့်ပြီး ဖြစ်ကြသော ပုလိပ်အဖွဲ့ဝင်များကလည်း အကြိုက်တွေ့ကြသည်။ သည်နေရာမှာ လူဆိုးများနှင့် သူတို့ ဉာဏ်ရည်ပြိုင်ကြခြင်းပင် ဖြစ်လေသည်။

အီယန်ကင်းဘဲလ်သည် အတွေ့အကြုံရင့်ကျက်သော ပုလိပ်အရာရှိတစ်ဦးဖြစ်သည်။ 'ဘယ်နေရာမှာ လူဆိုးတွေ စုနေပါပြီ'ဟု မမှန်သတင်းပေးမှုများနှင့်လည်း အကြိမ်ကြိမ် ကြုံကြိုက်ခဲ့ရဖူးသည်။

မမျှော်လင့်သော အန္တရာယ်များနှင့်လည်း အချိန်မရွေး ကြုံတွေ့ရတတ်သည်။ သို့သော်လည်း သူတို့ပုလိပ်အဖွဲ့တွင် အန္တရာယ်ကို မချစ်မြတ်နိုးသောသူဟူ၍ မရှိသလောက် ရှားလေသည်။

ကားလ်ဟက်တင်ဂျာသည် မော်တော်ကားသူခိုး ဖမ်းသည့်အဖွဲ့တွင် တာဝန်ထမ်းဆောင်ရန် ပူပူနွေးနွေး ရောက်လာသော ပုလိပ်အရာရှိတစ်ဦး ဖြစ်လေသည်။

ထို့ကြောင့် အတွေ့အကြုံ ရင့်ကျက်ပြီးဖြစ်သည့် အီယန်က သူ့ကို ဖြစ်လေ့ဖြစ်ထ ရှိသည်များ၊ ကြုံတွေ့ရတတ်သည်များကို ကြိုတင်ရှင်းပြထားသည်။

"ခင်ဗျားလည်း မရိန်းတပ်ဖွဲ့ထဲမှာ အမှုထမ်းခဲ့ဖူးတယ် မဟုတ်လား" ဟု တာဝန်ပူးတွဲကျသည့် ပထမဆုံးညမှာပင် အီယန်က ကားလ်ကို မေးခွန်းထုတ်ခဲ့သည်။

သူတို့နှစ်ယောက်စလုံး နံပါတ်မပါသော ကားကို မောင်းကာ ယူနီဖောင်းမဝတ်ဘဲ တာဝန်ထမ်းဆောင်နေကြသည့် အချိန်ဖြစ်သည်။

"မရိန်းတပ် ဆက်သွယ်ပို့ဆောင်ရေးမှာပါ" ဟု ကားလ်က ခေါင်းညိတ်ပြယင်း ပြန်ဖြေသည်။

"ဟုတ်လား ကျုပ်လည်း ပို့ဆောင်ဆက်သွယ်ရေး တပ်မှာပဲ"

ထိုနေ့ညမှစပြီး သူတို့နှစ်ယောက် အကြောင်းအပေါင်းသင့် သွားကြလေသည်။ တစ်ယောက်အကြောင်းကိုလည်း တစ်ယောက် မေးမြန်း မှတ်သားကြသည်။

"ခင်ဗျား ဘွဲ့ရခါနီးမှ ကောလိပ်ကျောင်းက ထွက်ခဲ့တာမဟုတ်လား၊

mgyoe.com

mgyoe.com


ကျုပ်လည်း အတူတူပဲ၊ ခင်ဗျားက ဘယ်ဘာသာတွေ အဓိက ယူခဲ့သလဲ"

တတိယမြောက်ည အတူပူးတွဲတာဝန်ထမ်းဆောင်ရသည့်တွင် အီယန်ကပင် မေးပြန်သည်။

"စိုက်ပျိုးရေး ဘီယာ ဖဲဝိုင်းဆိုပါတော့ဗျာ၊ အဲဒီအစီအစဉ်အတိုင်းတော့ မဟုတ်ဘူး၊ ကြုံရာ အဓိကထားလုပ်တာပဲ ဟီး ဟီး"

ကားလ်က ပြန်ဖြေရင်း ရယ်သည်။ အီယန်ကလည်း သူနှင့်အတူ ရောရယ်သည်။

"ကျုပ်ကတော့ ဇီဝဗေဒနဲ့ အကြိုဆေးတက္ကသိုလ်သင်တန်းတက်ခဲ့တယ်၊ အခုတော့ ကျုပ်တို့ နှစ်ယောက်စလုံး ကိုယ် ယူခဲ့တဲ့ ဘာသာနဲ့ လက်တွေ့လုပ်နေရတဲ့အလုပ် တခြားစီပဲနော်"

ကားဆက်မောင်းလာရင်း နှစ်ယောက်စလုံး အတွေးကိုယ်စီဖြင့် ငြိမ်သက်နေကြသည်။

*

အီယန်ကင်းဘဲလ်၏ အဖေသည် ဆရာဝန်တစ်ယောက် ဖြစ်သည်။ အီယန် ငယ်ငယ်ကတည်းက ဆုံးသွားသည်။

ထို့ကြောင့် အမေဖြစ်သူ ခရစ္စစီက တစ်ဦးတည်းသော သားကလေး လူတစ်လုံး သူတစ်လုံး ဖြစ်အောင် ပင်ပန်းကြီးစွာ ရုန်းကန်ပြီး မြေတောင်မြှောက်ခဲ့ရလေသည်။

အီယန်မှာ ပညာဆုံးခန်းတိုင် မသင်နိုင်တော့ဘဲ စစ်တပ်ထဲဝင်ပြီး ကိုရီးယားစစ်မြေပြင်သို့ ရောက်ခဲ့သည်။

စစ်ထဲမှ ထွက်ပြီးသောအခါ ပုလိပ်အဖွဲ့အတွင်းသို့ ဝင်ရောက် အမှုထမ်းနေခဲ့လေသည်။ ပုလိပ်အဖွဲ့သို့ ဝင်ရောက်အမှုထမ်းခြင်းနှင့် ပတ်သက်၍ သူ့မိခင် ခရစ္စစီက ကန့်ကွက်မှု လုံးဝမပြုလုပ်ခဲ့ချေ။

သို့သော်လည်း အီယန် အိမ်ထောင်ပြုတော့မည်ဆိုသောအခါ သူ့အမေက ရုတ်တရက် သဘောမတူနိုင်ခဲ့ဘဲ ရှိနေခဲ့သည်။

"အဒါးဟာ အမေနဲ့တော့ စရိုက်ချင်း မတူတာ အမှန်ပဲ အမေ၊ စရိုက်ချင်းမတူဘူးဆိုတာက ပညာမတတ်ဘူးလို့ ဆိုလိုတာ မဟုတ်ပါဘူး၊ ကော

mgyoe.com


လိပ်ပညာတော့ မတတ်ဘူးပေါ့ အမေရယ်။ အထက်တန်းကျောင်းက ထွက်ခဲ့တာ၊ ဒါပေမဲ့ ဒီပလိုမာလက်မှတ်တစ်ခုရအောင် စာပေးစာယူ သင်တန်းတက်နေပါတယ်။ သိပ်ရှက်တတ်တယ်။ စကားကို ဘယ်တော့မှ ဟပဟမပြောဘူး။ ရိုးလည်း ရိုးသားပါတယ်။ အမေ့ကို ကျွန်တော် မဟုတ်တာတွေပြောနေတာ မဟုတ်ပါဘူး အမေ"

သို့သော်လည်း အဒါးသည် အခြား သူလိုငါလို မိန်းကလေးတစ်ဦးသာ ဖြစ်ပါသည်။ ပိန်လွန်းသည်။ အဝတ်အစားများ အောက်မှ အရိုးများငေါထွက်နေသလား ထင်မှတ်ရလောက်သည်။ ဒေါက်မြင့်ဖိနပ်စီးလိုက်လျှင်အရပ်က ခြောက်ပေ တစ်လက်မမျှ မြင့်သွားလေရာ ပိုလိုပင် ဆိုးတော့သည်။

အဒါးသည် မိန်းမချောကလေး မဟုတ်ပါ။ သို့သော်လည်း ချစ်စရာကောင်းသော မိန်းကလေးတစ်ဦး ဖြစ်ပါသည်။

အီယန်နှင့် တွေ့စတုန်းက အဒါးက အီယန်ကို လန့်နေသေးသည်။ အီယန်သည် အမေ၏ စရိုက်များကို အမွေရထားလေရာ စည်းကမ်းကြီးသူဖြစ်နေသည်။ သူတို့မိသားစု၏ စရိုက်နှင့် အီယန်၏စရိုက် ကိုက်ညီပါ့မလားဟုလည်း တွေးတော စိုးရိမ်ပူပန်ခဲ့ရသေးသည်။

တကယ်ဆိုတော့ အဒါးကိုယ်တိုင်ကလည်း သူ့မိသားစုနှင့် အသွင်ချင်း စရိုက်ချင်း သိပ်မတူညီလှပေ။

နောက်တစ်ခုက ဆေးတက္ကသိုလ်သို့ အီယန် ဆက်လက်မတက်ဖြစ်ခြင်းသည် မိမိကြောင့်ဟု အီယန့်အမေ စွပ်စွဲမှာကိုလည်း တွေးလန့်နေခဲ့သည်။

"အီယန် ဆေးတက္ကသိုလ် ဆက်မတက်တာ ကျွန်မနဲ့ ဘာမျှမဆိုင်ပါဘူးရှင်၊ အီယန်ကိုယ်တိုင်က ဆေးတက္ကသိုလ် တက်ရမှာကို စိတ်ကုန်နေတာပါ" ဟုလည်း အပေါင်းအသင်းများနှင့် ကြုံကြိုက်တိုင်းလိုလို ဖြေရှင်းချက် ထုတ်ပြနေရသည်မှာ အမောပင်။

နောက်ဆုံးတော့ သူတို့နှစ်ယောက် လက်ထပ်ဖြစ်ကြသည်။

လက်ထပ်ပြီး တစ်ပတ်ခန့်အကြာတွင် အီယန်၏မိခင် ခရစ္စီကအဒါးကို မေးခွန်းထုတ်လာသည်။

"အဒါး မင်းရဲ့ အိမ်ထောင်သည်ဘဝကို ဘယ်လိုသဘောရသလဲ"

mgyoe.com

mgyoe.com


"အိုး အိယန်စာတွေ နင်းကန်ဖတ်နေတာကလွဲပြီး သိပ်ကို စိတ်ချမ်းသာစရာ ကောင်းပါတယ်ရှင်"

အိယန်နှင့် သူတို့နှစ်ယောက် လက်ထပ်ပြီးသောအခါ ဟောလီးဝုဒ်မှာပင် အိမ်ခန်းတစ်ခု သီးခြား ရှာငှားပြီး အိမ်ခွဲနေကြလေသည်။

× × ×

mgyoe.com

mgyoe.com

အဘွားကြီး၏ ဥယျာဉ်ထဲမှာ အလုပ်လုပ်နေရသည်ကို ဥယျာဉ်မှူးက မပျော်ပိုက်ချေ။

မြက်ရိတ်စက်ကလည်း ပျက်ချင်နေသည်။ မြက်များကို ကုန်စင်အောင် ရိတ်နိုင်စွမ်းမရှိတော့။ အကာတွေပါ ပျက်နေလေရာ ရိတ်ပြီးသွားသော မြက်များက သူ့မျက်နှာကို တစ်ရံမလပ် လာရောက်ထိမှန်နေလေ့ရှိသည်။

ထို့ကြောင့် မလှမ်းမကမ်းမှာ ရပ်ထားသော သူ့မော်တော်ကားဆီသို့ သွားကာ ဓားသွားအသစ်ကို ယူသည်။ ဓားသွားအသစ်နှင့် လဲလှယ်တပ်ဆင်သည်။

အဘွားကြီး တောပြော တောင်ပြော ပြောမည့်စကားများကို သူ နားမထောင်သောကြောင့်ဘ သူ့ ဥယျာဉ်ကို ပိုကောင်းအောင် လုပ်ပေးသင့်သည်ဟု ဆုံးဖြတ်လိုက်မိလေသည်။

မြက်ရိတ်နေရင်း သူခိုးယူခဲ့သည့် အိမ်ဆောက်ပစ္စည်းများ အကြောင်းကိုပါ ပြန်လည်စဉ်းစားကြည့်နေမိပြန်သည်။

ပစ္စည်းများကို ခိုးယူသော်လည်း သူ့ကိုယ်သူ ခိုးယူနေသည်ဟု မထင်။ ထို့ကြောင့် သူ့မှာ အမြဲတမ်း စိတ်သက်သာရာ ရခဲ့လေသည်။

မနက်ဖြန် တရားရုံးတော်မှာ သက်သေအဖြစ် အစစ်ဆေးခံရမည့်

mgyoe.com

အကြောင်းများကို ရုတ်တရက် သတိရလိုက်မိသည်။

အမှုအကြောင်းကို စဉ်းစားမိတိုင်း အလုပ်ကို မနားမနေ သူလုပ်လေ့ရှိသည်။ သူကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအကြောင်းကို စဉ်းစားမိသည့် အခါများတွင်လည်း ထိုနည်းလမ်းကောင်း အလုပ်ကို မနားမနေ လုပ်မြဲပင် ဖြစ်လေသည်။

ကာလီဖိုးနီးယားပြည်နယ်၊ နိုဝင်ဘာလ နေသည် ယနေ့မှ ထူးထူး ခြားခြား အပူကဲလွန်းနေသည်။

ဘာပဲဖြစ်ဖြစ် မကြာမီ ရာသီပြောင်းတော့မည်မှာ သေချာသည်။

ကြက်သွန်ခင်းထဲမှာ လူသတ်မှု ဖြစ်ပွားခဲ့သကဲ့သို့ပင် အလွန်တရာ သေချာလှလေသည်။

❑

mgyoe.com

mgyoe.com

# [ ၂ ]

ကားသူခိုးများ ရှာဖွေဖမ်းဆီးနေကြသည့် အီယန်နှင့် ကားလ်တို့ နှစ်ယောက်သည် အဌမမြောက်ညတွင် ဟောလီးဝုဒ် ဘူလဗားလမ်းကျယ်ကြီးဘေး တစ်နေရာရှိ စားသောက်ဆိုင်မှာ ဝင်ပြီး ညစာအတူ စားနေကြသည်။

"ကားလ် ခင်ဗျားမှာ သားသမီးမရှိဘူးနော်" ဟု အီယန်က မေးသည်။

"ကျွန်တော် အိမ်ထောင်ကျတာ မကြာသေးဘူးဗျ၊ ဒါပေမဲ့ မကြာခင် ကျွန်တော်တို့ ရကြတော့မှာပါ"

"ကောင်းတယ်၊ အိမ်ထောင်သည်ဆိုတာ တစ်ခုခုတော့ အာရုံစိုက်စရာ ရှိနေမှ ကောင်းတယ်။ ယောကျ်ားတစ်ယောက်အဖို့ အိမ်ထောင်ပြုခြင်းဟာ အကောင်းဆုံး အလုပ်တစ်ခုပဲ"

ကားလ်က အီယန်ကို တစ်ချက်မော့ကြည့်သည်။ အီယန်၏ ဇနီးအဒါးသည် အိမ်ထောင်ပရိဘောဂအသစ် ထပ်ဝယ်နိုင်ရန်အတွက် လွန်ခဲ့သော သုံးလေးလခန့်မှစပြီး ညကလပ်တစ်ခုမှာ အလုပ်ဝင်လုပ်နေကြောင်း ကားလ် ကြားထားပြီးဖြစ်သည်။ သူတို့၏ သားသမီးများက အီယန်၏

mgyoe.com

အမေနှင့် သွားရောက်နေနေကြသည်။ သူတို့လင်မယားမှာ လွတ်လပ်နေကြသည်။

"ခင်ဗျားမှာ ကလေးနှစ်ယောက် ရှိတယ်မဟုတ်လား" ဟု ကားလ်က ပြန်မေးသည်။

"သမီးကလေးနှစ်ယောက်၊ အကြီးမ ဗလာရီက သုံးနှစ်ခွဲ၊ အငယ်မ လိုရီက နှစ်နှစ်၊ သိပ်ကို ချစ်စရာကောင်းနေကြပြီ။ အခုလောလောဆယ် သူတို့အဘွားနဲ့ သွားနေနေကြတယ်။ မကြာခင် သူတို့သုံးယောက်စလုံးကို ပြန်ခေါ်တော့မှာပါ"

သူတို့သုံးယောက်ဆိုသော စကားကို ကားလ် နားမလည်ပါ။ သို့သော်လည်း သူတစ်ပါး၏ ကိုယ်ရေးကိုယ်တာ ဖြစ်နေသောကြောင့် ဆက်မမေးတော့ဘဲ ဆိတ်ဆိတ်သာ နေလိုက်တော့သည်။

"အကြီးမ ဗလာရီက စာတောင် ဖတ်တတ်နေပြီလေ၊ ကျုပ်ပဲ သင်ပေးထားတာ"

အီယန်၏ စကားကို ကားလ်က တစ်စုံတစ်ရာ ပြန်လည်ဖြေကြားခြင်း မပြုဘဲ ခေါင်းညိတ်ရုံသာ ညိတ်ပြသည်။

"ကျွန်တော်လည်း စာဖတ်ဝါသနာပါပါတယ်။ ဒါပေမဲ့ ဝတ္ထုတွေတော့ သိပ်မဖတ်ဖြစ်ပါဘူးဗျာ၊ အချိန်ရတဲ့အခါကျတော့မှ ကိုယ်ကြိုက်တဲ့ စာတွေကို မနားတမ်း ထိုင်ပြီး အားရပါးရ ဖတ်လိုက်ဦးမယ်လို့ တေးထားတယ်"

"ကျွန်တော်လည်း ဝတ္ထုတွေကို ဒါလောက် ဖတ်လေ့ မရှိပါဘူး။ ကျုပ် စာဖတ်တာကို ကျုပ်မိန်းမ အဒါးက သိပ်နှစ်မြို့တာ မဟုတ်ဘူးဗျ"

စားသောက်ပြီးသောအခါ ပတ္တရောင်ကားပေါ်သို့ နှစ်ယောက်သား တက်ပြီး ကင်းလှည့်ထွက်လာကြလေသည်။

နှစ်ယောက်အတူတွဲပြီး ရှစ်ရက်မြောက်ဆက်တိုက် တာဝန် ထမ်းဆောင်ရခြင်းဖြစ်သောကြောင့် ရင်းနှီးမှုက ပိုမိုနက်ရှိုင်းလာသည်။

*

ကင်းလှည့်ရင်း ကားလ်က သူ့ဘဝအကြောင်းများကို ပြန်လည်

mgyoe.com

တွေးတောကြည့်နေမိသည်။

သူတို့မိသားစုသည် လက်လုပ်လက်စားထဲကပင် ဖြစ်သည်။ ကားလ်၏ အဖေက လက်သမားလုပ်သည်။ ရေပိုက်များ ပြင်ဆင်သည်။ ကြုံရာအလုပ်ကို မရွေးတမ်း ဝင်ရောက်လုပ်ကိုင်သူ ဖြစ်သည်။ တစ်ပတ်တွင် တနင်္ဂနွေတစ်ရက်သာလျှင် အနားယူသည်။

အနားယူသည်ဆိုသော်လည်း ဘာမှမလုပ်ဘဲနေခြင်းမဟုတ်။ အိမ်ကအလုပ်များကို ကုန်းလုပ်နေတတ်သည်။ မော်တော်ကားပြင်သည်။ ကားပြင်ဖို့မလိုလျှင် ဗီရိုများလုပ်သည်။

ကားလ် ငယ်ငယ်တုန်းက

"အဖေ စနေနေ့ကျရင် ငါးမျှားသွားကြရအောင်နော်"ဟု ပြောဖူးသည်။

"သွားတော့ သွားချင်ပါတယ် သားရယ်၊ ဒါပေမဲ့ အဖေက တစ်ပတ်မှာ ခြောက်ရက်လုံး အလုပ်လုပ်ရတာ မဟုတ်လား"

"တနင်္ဂနွေနေ့ဆိုရင်ကော အဖေ"

"တစ်ပတ်မှာ ခြောက်ရက်လုံးလုံး အလုပ်လုပ်ထားတဲ့ လူတစ်ယောက်ဟာ တနင်္ဂနွေတစ်ရက်တော့ နားသင့်တယ်သားရဲ့"

"တနင်္ဂနွေမှာလည်း အဖေ အိမ်မှာအလုပ်တွေ လုပ်နေတာပဲ မဟုတ်လား၊ ဘယ်မှာ အနားယူလို့လဲ"

"အိမ်အလုပ်ဆိုတာက အလုပ်လို့ မခေါ်ဘူး သားရဲ့"

သည်လိုဖြင့်ပင် ကားလ်မှာ အဖေနှင့် နီးစပ်ရင်းနှီးမှု အထိုက်အလျောက် ကင်းဝေးခဲ့ရလေသည်။

သူ ဆယ့်နှစ်နှစ်သား အရွယ်တုန်းက ရွယ်တူသူငယ်ချင်းတစ်ယောက်နှင့်အတူ စတိုးဆိုင်ထဲမှ ငါးမျှားချိတ်အချို့ ခိုးယူခဲ့ဖူးသည်ကိုလည်း ပြန်လည်အမှတ်ရနေသည်။

ထိုတုန်းက ဆိုင်ရှင်က ဖမ်းမိသွားသည်။

"ပုလိပ်ကိုတိုင်လိုက်ရင် မင်းတို့နှစ်ယောက် ဘာဖြစ်သွားမယ် ထင်သလဲ၊ ထောင်ထဲ တန်းရောက်သွားမယ်။ တစ်မတ်လောက်တန်တဲ့ ပစ္စည်းလေးတစ်ခုအတွက် မင်းတို့ရဲ့ လွတ်လပ်မှုကို အဆုံးရှုံးခံကြမှာလား"

ဆိုင်ရှင်၏ အမေးစကားကြောင့် သူတို့နှစ်ယောက်စလုံး မျက်ရည်

mgyoe.com

mgyoe.com


တွေတွေ ကျခဲ့ကြဖူးသည်။

လွတ်လပ်ခြင်း၏ တန်ဖိုး မည်မျှကြီးမားသည်ကိုလည်း ရိပ်ဖမ်းသံဖမ်း သဘောပေါက်နားလည်ခဲ့သည်။

ကောလိပ်ကျောင်းရောက်သောအခါတွင်လည်း အပေါင်းအသင်းဖျက်သောကြောင့် စာကောင်းကောင်း မသင်ခဲ့ရ။ နောက်ဆုံးနှစ်မှာပင် စာမေးပွဲကျပြီး စစ်မှုထမ်း ဥပဒေအရ စစ်ထဲသို့ ဝင်ခဲ့ရလေသည်။

တပ်မှထွက်ပြီးနောက် ပုလိပ်အဖွဲ့သို့ ဝင်ခဲ့ရာမှ သူ့ဘဝအခြေတကျဖြစ်တော့မလို ရှိလာသည်။

သူ တပ်မှထွက်ပြီးနောက်တွင် ညီမဖြစ်သူ မာရီယမ်၏ သူငယ်ချင်း ဟယ်လင်နှင့် ခင်မင်ရင်းနှီးခဲ့ရသည်။

လွန်ခဲ့သောနှစ် ဒီဇင်ဘာလတုန်းက ကားလ်၏ လုပ်ဖော်ကိုင်ဖက် ရဲအရာရှိ ဂျိမ်းစ်နှင့်တွေ့သည်။

"ကဲ ဒီအပတ် တို့ပျော်ပွဲစားထွက်ကြမလို့ ကားလ်၊ ဟယ်လင်ကိုပါ ခေါ်ပြီး မင်းပါ လိုက်ခဲ့ပါလား"

"ဒီအပတ်တော့ မဖြစ်သေးဘူး ဂျိမ်းစ်" ဟု ကားလ်က ပြန်ဖြေသည်။

"ဘာလို့ မဖြစ်ရမှာလဲ"

"ကျွန်တော်တို့ နှစ်ယောက် လတ်စ်ဗီဂတ်စ်မြို့ကိုသွားပြီး လက်ထပ်ကြမလို့လေ"

သည်တော့မှပင် သူနှင့်ဟယ်လင် လက်ထပ်တော့မည့်အကြောင်းကို ဂျိမ်းစ် သိရတော့သည်။ မည်သည့် အပေါင်းအသင်း မိတ်ဆွေကိုမှ ဖွင့်ဟမပြောဘဲ မျိုသိပ်နိုင်လွန်းသူ ဖြစ်လေသည်။

ထိုအချိန်က သူ့အသက် နှစ်ဆယ့်ရှစ်နှစ် ရှိလေပြီ။ ဟယ်လင်က အသက်နှစ်ဆယ်သာ ရှိသေးသည်။

သူတို့၏ အပျော်ဆုံးသော အိမ်ထောင်ဦးနေ့ရက်များ ဖြစ်သည်။

မတ်လ ၉ ရက်နေ့သို့ရောက်ရန် သုံးလမျှပင် မလိုတော့သည့် အကြောင်းကိုကား မည်သူကမှ ကြိုတင်သတိမထားမိကြချေ။

× × ×

mgyoe.com

mgyoe.com

ဥယျာဉ်မှူးသည် နေကို မော့ကြည့်ရုံမျှဖြင့် နာရီကို မကြည့်ဘဲ သူ့အလုပ်ချိန် ကုန်ဆုံးရန် တစ်နာရီခွဲမျှသာ လိုတော့ကြောင်း အတပ်သိလိုက်လေသည်။

တစ်နာရီခွဲမျှသာ လိုတော့ကြောင်းမှာ အလွန်သေချာပါသည်။ ထိုသို့ သေချာသည့်အခါများတွင် သူ အလွန်စိတ်ချမ်းသာပါသည်။ မရေရာ မသေချာခြင်းကိုသာ သူ စက်ဆုပ်မုန်းတီးမိပါသည်။

နေ့လယ်စာစားပြီး သည်နေရာမှ ထွက်ခွာသွားသောအခါ သူ့ ခေါင်းကိုက်နေခြင်းလည်း ပျောက်သွားမည်ဟု အပိုင်တွေးထားပြီး ဖြစ်သည်။

ဥယျာဉ်ထဲမှာ ဖူးပွင့်နေကြသော ပန်းပွင့်ကလေးများကို လှည့်လည် ကြည့်ရင်း သဘောကျနေမိသည်။ ပိုင်ရှင်အဘွားကြီးကလည်း သဘောကျ ပါလိမ့်မည်။

ပန်းပွင့်ကလေးများကို လှည့်လည်ကြည့်နေရင်း စတိုးဆိုင်ကြီး တစ်ဆိုင်အတွင်းသို့ သူ ဝင်သွားခဲ့ဖူးသည့်အဖြစ်ကို ပြန်လည်မြင်ယောင်လာသည်။

အရောင်းကောင်တာတစ်ခုတွင် အစောင့်လုံးဝမရှိပါ။ ပတ်လည်ကို လှည့်ပြီး အကဲခတ်သည်။ သူ့ကို စောင့်ကြည့်နေသူများလည်း မရှိပါ။

mgyoe.com

m.gyoe.com


ထိုနေ့ ထိုရက်အထိ ကြီးကြီးမားမား ပစ္စည်းများကို သူ မခိုးယူဖူးသေးချေ။ အိတ်နှင့် တစ်နိုင်ပစ္စည်းကလေးများကိုသာ ခိုးယူခဲ့ဖူးသည်။

ယခုတော့ သူ့ရှေ့မှာ ဓားတစ်ချောင်း ရှိနေသည်ကို တွေ့ရသည်။ ဒါလောက်ကြီးမားသည့် ဓားကြီးကို မည်သည့်နေရာတွင် ဝှက်ယူမည်နည်းဟုလည်း စဉ်းစားကြည့်မိသည်။

ကုတ်အင်္ကျီအောက်တွင် ဝှက်ယူမည်လော။ မလုံခြုံနိုင်ပါ။ ဘောင်းဘီအိတ်ထဲထည့်လို့လည်း မဖြစ်နိုင်ပါ။

နောက်ဆုံးတွင် ခပ်တည်တည်ကိုင်ပြီး ထွက်သွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

ထိုအကြောင်းကို စဉ်းစားရင်း ရင်ထဲမှာ နာကျင်လာလေသည်။ ညနေပိုင်းကျမှပင် ဆက်စဉ်းစားတော့မည်ဟု ပိုင်းဖြတ်လိုက်သည်။ အချိန်တွေအများကြီး ကျန်သေးသည်။

ကြက်သွန်ခင်းထဲမှာ ကြုံတွေ့ခဲ့ရသည့် ညတစ်ည၏ အဖြစ်အပျက်ကို ပြန်လည်စဉ်းစားသည့်အခါတိုင်းတွင်လည်း ရင်ထဲမှာ နာကျင်သည့်ဝေဒနာကို ခံစားရစမြဲ ဖြစ်လေသည်။

သို့သော် ထိုအကြောင်းများကို အစမှ အဆုံးတိုင် ပြန်လည်စဉ်းစားကြည့်နေချင်သည်။

အမှုကြီးတန်းလန်းသာ စစ်ဆေးမနေလျှင် သူ ပြန်စဉ်းစားကောင်းစဉ်းစားမိပေလိမ့်မည်။

ထိုသို့ရော ဘာကြောင့် စဉ်းစားရမည်နည်း။

ထိုအဖြစ်အပျက်ကြီး ပေါ်ပေါက်ခဲ့သည်မှာ ခုနစ်နှစ်ပင် ကြာမြင့်ခဲ့လေပြီ။

နောက်ပြီးတော့ သူ့မှာ စဉ်းစားစရာ သူကိုယ်တိုင် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများ ရှိနေသည်။

အလွန်တရာ စိတ်လှုပ်ရှားနေသော အဖြစ်အပျက်များပင် ဖြစ်ချေသည်။

❑

m.gyoe.com

mgyoe.com

# [ ၃ ]

သူတို့နှစ်ယောက် အတူတကွ ပူးတွဲတာဝန် ထမ်းဆောင်သည့် ကိုးရက်မြောက်နေ့ညတွင် အီယန်က ပတ္တရောင်ကားကို မောင်းဖို့ တာဝန် ယူသည်။

ထိုနေ့ကား ၁၉၆၃ ခုနှစ်၊ မတ်လ ၉ ရက်၊ စနေနေ့ညဖြစ်လေသည်။

အီယန်နှင့် ကားလ်တို့နှစ်ယောက်သည် ထုံးစံအတိုင်း အရပ်ဝတ် အရပ်စားများနှင့် ဖြစ်ကြသည်။

အဝတ်အစားများအကြောင်းကို သူတို့နှစ်ယောက် ပြောလာမိကြ သည်။

ထိုအချိန်မှာပင် မရန်းစေ့ရောင် ဖို့ဒ်ကားကလေးတစ်စီးထဲမှာ လူငယ် နှစ်ယောက်ရှိနေကြသည်။ ထိုလူငယ်နှစ်ယောက်ကလည်း အဝတ်အစားများ အကြောင်းကိုပင် ပြောဆိုဆွေးနွေးလာကြလေသည်။

ထိုလူငယ်နှစ်ယောက်ကား ဂရက်ပါဝယ်နှင့် ဂျင်မီစမစ်တို့ ဖြစ်လေ သည်။ ဂရက်က လူဖြူဖြစ်ပြီး ဂျင်မီက နီဂရိုးဖြစ်သည်။

"ဒီစနေနေ့ညကျမှ မော်တော်ကားတွေကလည်း များပြားလိုက်တာ

mgyoe.com

mgyoe.com


ကွာ" ဟု ဂျင်မီက စိတ်ပျက်လက်ပျက် ညည်းသည်။

"စိတ်အေးအေးထားစမ်းပါလေ၊ လူရှုပ်လေ ပိုကောင်းလေပေါ့ကွ။ ဟောလီးဝုဒ်မြို့ထဲမှာရှိတဲ့ ဈေးဆိုင်တွေအားလုံး တို့ဆိုင်တွေချည်းပဲလို့ သဘောထား၊ သူတို့ဆိုင်တွေထဲမှာရှိတဲ့ ပိုက်ဆံတွေဟာ တို့ပိုက်ဆံပဲ"ဟု ဂရက်က ပြန်ပြောသည်။

ဂျင်မီက သူ့ခါးကြားမှာ ထိုးထားသည့် ပစ္စတိုသေနတ်ကို နေထားတကျဖြစ်အောင် နေရာပြင်ထားရင်း အံကို တင်းတင်းကြိတ်နေသည်။

"ကျုပ်က မြန်မြန် အလုပ်ပြီးသွားချင်တာပါပဲဗျာ"

ဂျင်မီ ပြန်ပြောသောအသံမှာ လေသံ ခပ်ပျော့ပျော့ ဖြစ်နေသည်။ ထိုလေသံကြောင့် ဂရက်က မသိမသာ ပြုံးမိသည်။ ထိုသို့ ပြုံးလိုက်တော့မှ ခေါနေသော သူ့သွားများက ပိုမိုခေါထွက်လာသည်။

ပွဲကြီးပွဲကောင်းတစ်ခုကို သူလည်း မျှော်မှန်းတမ်းတနေခဲ့သည်မှာ ကြာပြီ။ ပွဲကြီးပွဲကောင်းတစ်ခုကို မြန်မြန် နွှဲလိုက်ချင်သည်။ မြန်မြန်ပြီးလိုက်ချင်သည်။

အားလုံးပြီးပြီဆိုတော့ အစုလိုက် အပြုံလိုက် ရလာသော ငွေများနှင့် တရားဝင်လုပ်ငန်းတစ်ခုကို အေးအေးချမ်းချမ်း လုပ်ကိုင်စားသောက်သွားရုံသာ ဖြစ်လေသည်။

သူ့လက်ထဲမှာ ငွေတွေ အစုလိုက် အပြုံလိုက် ရှိပြီဆိုသောအခါ မည်သူကမျှ သူ့ကို မထီလေးစား လုပ်ဝံ့ကြတော့မည် မဟုတ်ပေ။ ဂရက်ပါဝယ်တို့၏ ရှေ့မှောက်မှာ အားလုံး ဒူးထောက်နေကြရမည်သာ ဖြစ်လေသည်။ သူ့မိသားစုနှင့်လည်း အေးချမ်းပျော်ရွှင်စွာ မပူမပင် မတောင့်မတ မကြောင့်မကြ နေနိုင်ပေတော့မည်။

*

"ငါ့အသက် သုံးဆယ့်သုံးနှစ်ပြည့်တဲ့အချိန်အထိ ငါဟာ ရင့်ကျက်တဲ့လူတစ်ယောက် မဟုတ်ခဲ့သေးဘူး" ဟု ဂရက်ပါဝယ်၏အဖေ ရပ်စတီပါဝယ်က ပြောလေ့ရှိသည်။

သို့သော်လည်း သူ၏သား အကြီးဆုံးဖြစ်သူ ဂရက်ပါဝယ်ကတော့

mgyoe.com

mgyoe.com


ဆယ့်နှစ်နှစ်သား အရွယ်မှာပင် ရင့်ကျက်နေပြီဟု ဆိုရမလို ဖြစ်နေသည်။

ဆယ့်နှစ်နှစ်သား အရွယ်တွင် ကျောင်းပေါင်း တစ်ဒါဇင်ကျော်သို့ ပြောင်းရွှေ့ပညာသင်ကြားခဲ့ရပြီး ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် မည်သည့်ကျောင်းတွင်မှ သူမမြဲ၊ ဖင်ပူအောင်ထိုင်ပြီး ပညာသင်ရသည် မရှိ။ နောက်တစ်ကျောင်းသို့ ပြောင်းရွှေ့ပေးရစမြဲ ဖြစ်လေသည်။

အိမ်တွင် နေလျှင်လည်း အငယ်တွေပေါ်မှာ ဗိုလ်ကျချင်သည်။ အိမ်ထောင်ကြီးတစ်ခုလုံးကို သူက ဦးစီးဦးဆောင်ပြုပြီး အုပ်ချုပ်နေရသည့် ပုံမျိုး လုပ်တတ်သည်။

"မင်းတို့ ငါပြောတာကို နားမထောင်ဘူးလား၊ အမေပြောတာကို ဘာကိစ္စနားထောင်နေကြတာလဲ၊ မင်းတို့ကို ဘယ်သူက အုပ်ချုပ်နေတာလဲ၊ မင်းတို့ လိမ္မာရေးခြားရှိလာအောင် ဘယ်သူက သွန်သင်ပေးနေတာလဲဟင် ပြန်စဉ်းစားကြစမ်း။ ငါပြောတာ ကြားတယ်မဟုတ်လား"

သူ့ထက်အငယ် ညီ၊ ညီမများသည် မျက်ရည်စက်လက်ဖြင့် သူ့ကို မရှဲ့မရဲ မော်ကြည့်နေကြလေသည်။

"အမေက ခွင့်ပေးထားလို့ လုပ်တာပါ" ဟုလည်း မပွင့်တပွင့် ပြန်ပြော ကြသည်။

"ဘာ အမေခွင့်ပေးရမှာလဲ၊ ငါ ခွင့်ပေးမှ လုပ်ရမယ်"

နောက်ဆုံးတော့ ထိုပြဿနာမှာ ညစာ ထမင်းဝိုင်းသို့ ရောက်သွား သည်။ အငယ်တွေက သူတို့အမေ အီသယ်ပါဝယ်ကို တိုင်ကြသည်။

"မအေတစ်ယောက်လုံး ဒါလောက် ကျန်းကျန်းမာမာကြီး ရှိနေလျက် နဲ့တောင် နင် ဒါလောက် ဗိုလ်ကျချင်တယ်။ မအေသာ အိပ်ရာထဲ ဗုန်းဗုန်းလဲ နေရင် နင် ဘယ်လောက် အငယ်တွေကို နှိပ်စက်မလဲမသိဘူး" ဟု သူတို့ အမေ အီသယ်က ပြောသည်။

"ဘာဆိုင်လဲ အမေရဲ့ သူတို့က အငယ်တွေပဲ၊ မတော်တာတွေ့ရင် ကျွန်တော့်မှာ ဆိုဆုံးမခွင့် ရှိရမှာပေါ့" ဟု ဂရက်က အမေကို ပြန်ပြောသည်။

"ကဲ တော်ကြစမ်းပါကွာ၊ မင်းတို့ကြောင့် ဘယ်သူမှ စိတ်ချမ်းသာ လက်ချမ်းသာ နေရတယ်ကို မရှိတော့ဘူး" ဟု အဖေလုပ်သူ ရပ်စ်တယ် ပါဝယ်က ဝင်တားသည်။

mgyoe.com

mgyoe.com


သည်လိုဖြင့်ပင် သူတို့မိသားစုတစ်ခုလုံးတွင် ဂရက်က တစ်စတစ်စ ဗိုလ်ကျ အုပ်ချုပ်လာသည်။ နေရာတကာတွင် ဩဇာအာဏာ ပေးချင်လာသည်။ အရေးကြီးသည့် ကိစ္စများဆိုလျှင် သူက ဝင်ရောက်အဆုံးအဖြတ် ပေးတတ်လာသည်။

ဂရက်သည် ကျောင်းမှာလည်း စာကောင်းကောင်း မသင်။ လူမျိုးစုံနှင့် ပေါင်းသည်။ ကျောင်းစည်းကမ်းများကို အမျိုးမျိုး ချိုးဖောက်သည်။ ထို့ကြောင့်လည်း တစ်ကျောင်းပြီးတစ်ကျောင်း ပြောင်းပြေးနေခဲ့ရခြင်း ဖြစ်သည်။

အရွယ်နှင့်မလိုက်အောင် အတတ်မျိုးစုံလည်း တတ်လာသည်။

တစ်ဆယ့်ငါးနှစ်သားအရွယ်သို့ ရောက်သောအခါ အိမ်မှ ထွက်ပြေးသည်။ လမ်းပေါ်ရောက်သည်တွင် အကြိမ်ကြိမ် နောင်တကြီးစွာရမိသည်။ မိုးကြီးသည်းသည်းရွာနေစဉ် ကင်တပ်ကီသို့သွားရာ အဝေးပြေးလမ်းမကြီးပေါ်တွင် ရပ်နေခိုက် ရသောနောင်တသည် အကြီးမားဆုံး ဖြစ်ချေသည်။

သူ့တစ်ကိုယ်လုံး ကြွက်စုတ်လို ရွှဲရွှဲစိုနေသည်။ တစ်မိုးလုံး မှောင်ပိန်းနေသည်။ ကြီးမားသော မိုးမှောင်ကြီး ကျနေလေရာ နေလုံးကို ဘယ်တော့မှ ပြန်လည်တွေ့မြင်ရတော့မည် မဟုတ်ဟုပင် ထင်မှတ်ရလောက်သည်။

သူ့ အိတ်ထဲမှာရှိနေသော ပိုက်ဆံများကို ဆယ်ကြိမ်မြောက် ထုတ်ပြီး ရေတွက်ကြည့်သည်။ သုံးဒေါ်လာနှင့် ပြားစေ့တချို့သာ ရှိလေသည်။

နောက်ကြောင်းပြန်လှည့်ဖို့ အကြိမ်ကြိမ် စဉ်းစားသော်လည်း မူလဆုံးဖြတ်ချက်ကို မပြင်တော့ဘဲ လျှောက်မိလျှောက်ရာ ဆက်လျှောက်လာခဲ့သည်။

ထိုအချိန်မှာပင် သူ့အနားသို့ ကြီးမားသည့် ဆီဒင်ကားကြီးတစ်စီး ထိုးဆိုက်လာသည်။

"ငါ့ကားနဲ့ လိုက်ခဲ့ပါလား"

အသံကြားသောကြောင့် ဂရက်က လှည့်ကြည့်သည်။ လူကြီးတစ်ယောက်က ကားတံခါးကို အသင့်ဖွင့်ပေးထားရင်း ပြောသည်။

"ကျေးဇူးတင်ပါတယ်"

ဂရက်သည် နည်းနည်းကလေးမျှပင် ဟန်မဆောင်နိုင်တော့ဘဲ အသင့်

mgyoe.com

mgyoe.com

ဖွင့်ပေးထားသည့် တံခါးပေါက်မှ ကားထဲသို့ ဝင်ထိုင်လိုက်သည်။ ချမ်းလွန်းသဖြင့် သွားချင်းတဂတ်ဂတ် ရိုက်နေသည်။

"အဝေးကြီး သွားမှာလား"

ကားမောင်းသူက မေးသည်။ သည်တော့မှပင် ဂရက်က ကားမောင်းသူကို လှည့်ကြည့်မိသည်။ အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။ မျက်မှန်တပ်ထားသည်။

"ကျွန်တော် ဖလော်ရီဒါကို သွားမလို့ပါခင်ဗျာ"

ကားမောင်းသူက ခပ်သာသာကလေး ရယ်သည်။

"ကောင်းတယ်၊ မင်း လမ်းကြုံနေပြီ၊ မင်းမှာ ပိုက်ဆံရော ရှိရဲ့လား"

"အလုံအလောက်ပါပါတယ် ခင်ဗျာ"

ဂရက်က မသေမချာ ပြန်ဖြေသည်။

"မင်း ဘယ်ကလာတာလဲ"

"ကက်ဒီလက်မြို့က လာတာပါ"

"တစ်လျှောက်လုံး လမ်းလျှောက်လာတာလား"

"မဟုတ်ပါဘူး၊ တစ်လျှောက်လုံး ရထားစီးလာတာပါ"

"မင်းမိဘတွေက ဘယ်မှာလဲ"

"ကျွန်တော့်မိဘတွေ ဘယ်မှာလဲဆိုတာ မသိဘူး၊ ဂရုလည်းမစိုက်ပါဘူး။ မိဘတွေအကြောင်း ဒါလောက် သိချင်နေတယ်ဆိုရင် ကျွန်တော့်ကို ဒီနားမှာပဲ ချပေးထားခဲ့ပါတော့"

"ထားပါလေ ဟား ဟား ဒါလောက် စိတ်မတိုစမ်းနဲ့၊ ငါက မလိုလားလို့ မေးနေတာ မဟုတ်ပါဘူး။ နာမည် ဘယ်လိုခေါ်သလဲ"

"ဂရက်"

"ငါက ရိုမင်ကက်သလစ် ဘုန်းတော်ကြီး ချားလ်စ်ပဲ"

ထိုအဖြေကို ကြားရသောအခါ ဂရက်မှာ တုန်လှုပ်ချောက်ချားစ ပြုလာလေတော့သည်။ သူ့အဝတ်အစားများကိုလည်း သည်တော့မှပင် သတိထားကြည့်မိသည်။

"ကျွန်တော် ဘုန်းတော်ကြီးတွေနဲ့ တစ်ခါမျှ မတွေ့ဖူးပါဘူး ခင်ဗျာ။ ဘုန်းတော်ကြီးကို ဖာသာရ်လို့ ခေါ်ကြပါသလား ဘယ်လိုများ ခေါ်ပါသလဲ"

mgyoe.com

"လူများစုကတော့ ဖာသာရ်လို့ပဲ ခေါ်ကြတယ်။ ဂျော်ဂျီယာပြည်နယ်မှာ ငါ တရားဝင်ဟောဖို့ ရှိနေတယ်။ မင်း ငါနဲ့လိုက်ခဲ့တာပေါ့ ဂရက်"

ထိုနောက်ပိုင်းတွင် ဖာသာရ်ချားလ်စ်က သူ၏ အစီအစဉ်များကို သာယာညင်းပျောင်းသော လေသံဖြင့် ရှင်းပြနေသည်။

ဂရက်အနေဖြင့် မိဘများကို ဖုန်းဆက်အကြောင်းကြားသင့်ကြောင်း၊ မိဘများက သဘောတူလျှင် သူနှင့်အတူ ပြည်နယ် တစ်ခုပြီးတစ်ခုသို့ လိုက်နိုင်ကြောင်း၊ သူ တရားဟောသွားရာ အရပ်များသို့ လိုက်ပါရင်းဖြင့် ဗဟုသုတမျိုးစုံ ရနိုင်ကြောင်းများကို ပြောပြသည်။

နောက်တစ်နေ့ မနက်အိပ်ရာမှ နိုးသောအခါ ဂျော်ဂျီယာပြည်နယ်သို့ ရောက်နေပြီဖြစ်ကြောင်း ဂရက် သတိထားမိသည်။

သို့သော်လည်း မကြာမြင့်မီမှာပင် ဖာသာရ်ချားလ်စ်က သူ့ကို တစ်ဖက်လှည့်ဖြင့် သူ့မိဘများထံသို့ ပြန်ပို့လိုက်လေတော့သည်။

အိမ်ပြန်ရောက်သောအခါ အိမ်ထောင်စီမံခန့်ခွဲမှု တာဝန်များအားလုံးကို သူ့အမေ အီသယ်က လက်ဝါးကြီးအုပ်ထားပြီဖြစ်ကြောင်း ဂရက် တွေ့ရတော့သည်။

ညီ၊ ညီမများအပေါ်မှာ မိမိသြဇာ ညောင်းသေးရဲ့လားဟု သိလိုသဖြင့် စမ်းသပ်ကြည့်သည်။ သို့သော် ယခင်ကလို မဟုတ်တော့ပြီ။ အားလုံးက သူ့ကို အာခံလာကြသည်။

ဂရက်၏စိတ်များ ပိုမိုလေလွင့်သည်ထက် လွင့်လာသည်။ ကျောင်းပြန်ထားပေးသော်လည်း ကျောင်းကောင်းကောင်း မနေ။ စာမသင်။ လစ်တိုင်း ကျောင်းပြေး၍သာ နေခဲ့သည်။

လမ်းဘေးမှာ ရပ်ထားသော မော်တော်ကားတစ်စီးကို ခိုးသည်။ ပုလိပ်က ဖမ်းမိသွားသည်။ ထောင်ကျသွားသည်။

ထောင်က ပြန်လွတ်လျှင် မော်တော်ကားတစ်စီးကို ပိပိရိရိ ခိုးယူကာ တစ်ပြည်လုံး ကိုးကုန်းကိုးကျင်း လျှောက်လည်လိုက်ဦးမည်ဟုလည်း တေးထားလိုက်လေသည်။

ထိုနည်းအားဖြင့် ထောင်မှလွတ်လိုက်၊ ပြန်ဝင်လိုက်၊ ပြန်လွတ်လိုက်၊ ပြန်ဝင်လိုက်ဖြင့် တစ်ဆယ့်သုံးနှစ်တည်းဟူသော အချိန်ကာလများတွင်

mgyoe.com

mgyoe.com


ထောင် သက်က ဆယ်နှစ်တင်းတင်း ပြည့်သွားလေတော့သည်။

၁၉၆၂ ခုနှစ်၊ ၁မလတွင် ထောင်မှ ခြေချုပ်ဖြင့် ပြန်လွတ်လာသည်။ သူ့အသက်လည်း နှစ်ဆယ့်ရှစ်နှစ်ရှိလေပြီ။

ထောင်မှလွတ်ပြီး မကြာမီမှာပင် မက်ဗိုင်းဆိုသော အမျိုးသမီးတစ်ယောက်နှင့် သူ့ညီမက မိတ်ဆက်ပေးသည်။ မက်ဗိုင်းက သူ့ထက် အသက်ခြောက်နှစ်ကြီးသည်။ ကလေးသုံးယောက် ရှိသည်။

သူ့ယောကျာ်းက စစ်တပ်ထဲတွင်ရှိနေရာ သူ့ကို မပေါင်းလိုတော့ဆိုပြီး ကလေးစရိတ် ထောက်ပံ့နေသည်။ ထိုကလေးစရိတ်ဖြင့် ရပ်တည်နေခြင်း ဖြစ်သည်။

သူတို့နှစ်ယောက်တွေ့ပြီး မကြာမီမှာပင် အတူတူနေကြသည်။

ရုံးတွင် ကလေးအုပ်ထိန်းခွင့်အမှုဖြစ်နေရာ မက်ဗိုင်း၏ အမေက ကလေးများ အုပ်ထိန်းခွင့်ကို ရသွားသည်။ ကလေးစရိတ်များလည်း ကလေးများနှင့်အတူ မက်ဗိုင်း၏ အမေထံသို့ ပါသွားတော့သည်။

စားဝတ်နေရေး ကျပ်တည်းလာသော မက်ဗိုင်းမှာ ဆောက်တည်ရာမရ ဖြစ်လာသည်။ ကလေးစရိတ်များကို သူ့ထံသို့သာ ပို့မြဲတိုင်း ဆက်ပို့ပေးဖို့ စစ်တပ်သို့ စာတင်သည်။ သို့သော် အကြောင်းမထူး။

"ကိုယ်တို့နှစ်ယောက် မကြာခင် လက်ထပ်ကြတော့မှာပဲကွယ်၊ စိတ်ပူမနေပါနဲ့တော့" ဟု ဂရက်က နှစ်သိမ့်စကားဆိုသည်။

"ဟုတ်တယ်၊ ကျွန်မတို့နှစ်ယောက် လက်ထပ်ပြီးရင် အမေ့ဆီက ကလေးတွေ ပြန်ခေါ်ရမယ်" ဟု မက်ဗိုင်းက ရှိုက်သံနှင့် ပြန်ပြောသည်။

"ကောင်းပါတယ်၊ ပြန်ခေါ်ကြတာပေါ့"

"ကလေးတွေကို ပြန်ခေါ်ထားမှ ကလေးစရိတ်တွေကို ကျွန်မတို့ ရကြမှာ မဟုတ်လား"

"ကိုယ်တို့နှစ်ယောက် လက်ထပ်လိုက်ရင် ကလေးစရိတ် ကိုယ်တို့ ဘယ်ထုတ်ယူခွင့် ရတော့မှာလဲ"

"အိုး ဟုတ်တာပေါ့နော်၊ ဒါပေမဲ့ ကျွန်မအနေနဲ့ စရိတ်တစ်ခုခုတော့ ရသင့်တာပေါ့၊ မဟုတ်ဘူးလား"

"ဒါတွေ ထားလိုက်ပါကွာ၊ ဘာမှပူမနေပါနဲ့ ကိုယ့်ဇာတာ စန်းလက်

mgyoe.com

တွေ ကောင်းလာပါပြီ"

ဂရက် မော်တော်ကားရေဆေးသည့် လုပ်ငန်းတစ်ခုဖွင့်သည်။ သို့သော်လည်း မအောင်မြင်ဘဲ လုပ်ငန်းကို ပိတ်ပစ်လိုက်ရသည်။

သူ့မိဘ ညီအစ်ကို မောင်နှမများနှင့်လည်း အဆင်မပြေ ဖြစ်လာသည်။

"တော်ပြီ၊ ခင်ဗျားတို့နဲ့ ကျွန်တော် သေခန်းပြတ် ရှင်ခန်းပြတ်ပဲ"ဟု ဂရက်က ပြောခဲ့သည်။

သို့သော်လည်း သူထင်သလို ဖြစ်မလာပါ။ ၁၉၆၂ခုနှစ် ကုန်ခါနီးတွင် သူ့ညီမနှင့် သူ့အမေ ကားတိုက်ခံရသည်။ ဒဏ်ရာပြင်းထန်စွာရသွားကြသည်။ ဆရာဝန်များက မရနိုင်တော့ဟု ပြောသည်။

ထိုကားတိုက်မှုကို အကြောင်းပြုပြီး သူ့မိသားစုနှင့် ပြန်လည်ဆက်ဆံရပြန်သည်။ သူ့မိသားစု၏ အိမ်မှုရေးရာများကို ပြန်လည်စီမံခန့်ခွဲပေးနေရပြန်သည်။

ဇန်နဝါရီလ ရောက်သည်တွင် မက်ဖိုင်းမှာ ကိုယ်ဝန်ရှိလာသည်။

လုပ်ငန်းက အဆင်မပြေ။ ဝင်ငွေကမရှိ။ ဂရက် ဘာလုပ်ရမည်နည်း။

ပစ္စတိုတစ်လက် သွားဝယ်သည်။

၁၉၆၃ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်နေ့ညတွင် လက်စ်ဗီဂတ်စ်မြို့ရှိ ဓာတ်ဆီဆိုင်တစ်ဆိုင် အနုကြမ်းစီးခံရသည်။ တစ်ကိုယ်တော် သေနတ်သမားက စီးနင်းလုယက်သွားခြင်း ဖြစ်သည်။

ဖေဖော်ဝါရီ ၆ ရက်နေ့တွင် ကုန်စုံဆိုင်တစ်ဆိုင် အနုကြမ်းစီးခံရပြန်သည်။

ဖေဖော်ဝါရီ ၉ ရက်နေ့တွင် ပထမ အနုကြမ်းစီးခံရသော ဓာတ်ဆီဆိုင်ပင် ထပ်မံ အနုကြမ်းစီးခံရပြန်သည်။

သူရသောငွေကား မက်လောက်စရာ ဖြစ်နေလေတော့သည်။

ဂရက်ကမူ သူတို့ ညီအစ်ကိုနှစ်ယောက် ဓာတ်ဆီတင်ကား လျှောက်မောင်းနေသည်ဟု မိသားစုကို ကြေညာထားသည်။

တစ်နေ့တွင် သူ့ ဆောင်းထားသည့် ငွေအားလုံးနှင့် ပစ္စတိုသေနတ် အခိုးခံလိုက်ရသည်။

mgyoe.com

mgyoe.com


မည်သူ ခိုးသွားသည်ကို စုံစမ်းသောအခါ သူ့ညီမတစ်ယောက်က ခိုးယူသွားခြင်းဖြစ်ကြောင်း ပေါ်လာသည်။

"သေနတ် ခိုးသွားတာကတော့ ဒီအလုပ်ကို ငါ ဆက်လုပ်နေမှာစိုးလို့ပဲ၊ ဒါပေမဲ့ ရှိသမျှ ပိုက်ဆံတွေ အားလုံးကိုပါ ခိုးသွားတာက ဘာအပေါက်လဲ" ဟု ပြောရင်း ဂရက်ပေါက်ကွဲလေသည်။

× × ×

mgyoe.com

mgyoe.com

အဘွားကြီး၏ ဥယျာဉ်ကို ပြင်ဆင်ပေးပြီးသောအခါ ဥယျာဉ်မှူးသည် သူတာဝန်ယူထားရသည့် အခြားဥယျာဉ်တစ်ခုသို့ ဆက်လာခဲ့သည်။

ပန်းပင်ကလေးများကို ပြုပြင်ပေးနေရင်း သူ ကျူးလွန်ခဲ့သည့် ခိုးမှုများကို ပြန်လည်စဉ်းစားလိုက်မိပြန်သည်။

သူရောက်လေရာ အရပ်မှာ လစ်လျှင်လစ်သလို ခိုးခဲ့သည်။ ခိုးသည့်အလုပ်ကို သူ ရပ်တန့်နိုင်စွမ်း မရှိခဲ့။

ပန်းခြံကို ပြုပြင်နေရင်း အပြင်သို့ စိတ်မှတ်မထင် လှမ်းမျှော်ကြည့်လိုက်ရာ အဝါရောင် ဝတ်စုံဝတ်ထားသော စာပို့သမားကို လှမ်းတွေ့ရသည်။

တစ်ချိန်တုန်းက စတိုးဆိုင်တစ်ခုထဲသို့ သူ စိတ်ထင်တိုင်း ခိုးယူခဲ့ဖူးသည့်အဖြစ်ကို ပြန်လည်သတိရမိသည်။ ပစ္စည်းများ စိတ်တိုင်းကျခိုးပြီး သူ့မော်တော်ကား ရပ်ထားရာသို့ လျှောက်လာခဲ့သည်။

စတိုးဆိုင်၏ လုံခြုံရေးတာဝန်ခံသည် ထိုစဉ်က ယခုလိုပင် အဝါရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။ သူ့နောက်သို့ နောက်ယောင်ခံပြီး လိုက်လာသည်ကိုလည်း သတိထားမိသည်။

"ဟေ့လူ ရပ်စမ်း၊ ကျုပ်ဟာ ဒီဆိုင်က လုံခြုံရေးတာဝန်ခံပဲ" ဟု အော်ပြောလိုက်လေမည်လားဟု ရင်တထိတ်ထိတ် ဖြစ်ခဲ့ရသည်။

mgyoe.com

mgyoe.com


သို့သော်လည်း မည်သည့်အသံကိုမှ သူမကြားခဲ့ရပါ။ အေးချမ်းစွာပင် သူ ပြန်လာနိုင်ခဲ့သည်။

ယခု အဝါရောင်ဝတ်ထားသူသည် စာပို့သမားမဟုတ်ဘဲ ဟိုတုန်းက စတိုးဆိုင်မှ လုံခြုံရေးတာဝန်ခံများ ဖြစ်နေလေမလားဟု တွေးမိသည်။ မိမိထံသို့ ယခုအချိန်ကျမှ ဖမ်းဖို့လိုက်လာခြင်းပေလားဟု စိုးရိမ်မိသည်။

ထူးတော့ အတော် ထူးဆန်းသည်ဟု ထင်သည်။

ယခုလူသည် ယခင်စတိုးဆိုင်မှ လုံခြုံရေးတာဝန်ခံ မဟုတ်။ သူ့ကိုလည်း တစ်စုံတစ်ရာ အန္တရာယ်ပေးမသွားချေ။

❑

mgyoe.com

mgyoe.com

# [ ၄ ]

ပုလိပ်ပတ္တရောင်ကားထဲမှ လူနှစ်ယောက်နှင့် ဖို့ဒ်ကားငယ်ကလေး ထဲမှ လူနှစ်ယောက်တို့သည် ကျပ်ခဲနေသော ယာဉ်တန်းများအတွင်း သတိ ကြီးစွာထားပြီး မောင်းနှင်နေကြရသည်။

ပုလိပ်ပတ္တရောင်ကားကို မောင်းနှင်နေသူမှာ အီယန်ဖြစ်ပြီး ဘေးက ထိုင်လိုက်လာသူမှာ ကားလ်ဖြစ်လေသည်။

"စနေနေ့ညမှာ အခုလို ယာဉ်သွားယာဉ်လာများတာဟာ တစ်ခုတော့ ကောင်းတယ်ကွ၊ တို့ လုပ်ငန်းပြီးရင် ခြေရာဖျောက်ဖို့ ပိုလွယ်တယ်"

ဟောလီးဝုဒ် ဘူလဗားလမ်းမကြီးဆီသို့ ဦးတည်မောင်းနေရင်း ဂရက် က ဂျင်မီကို လှမ်းပြောသည်။ ဂျင်မီက သူ့ဘေးမှ ထိုင်လိုက်လာသည်။

ဂျင်မီက တစ်စုံတစ်ရာပြန်လည် ဖြေကြားခြင်းမပြုဘဲ ထိုင်ခုံပေါ်မှာ မသက်မသာထိုင်ရင်း မကြာခဏ နေရာပြင်နေသည်။ ခါးမှာထိုးထားသည့် ပစ္စတိုသေနတ်ကို မကြာခဏ စမ်းကြည့်နေသည်။

"အရေးထဲမှာကွာ မင်းကလည်း စိတ်အေးအေး ထားစမ်း၊ ဒီအလုပ် တွေက ငါလုပ်နေကျ အလုပ်တွေပါကွ"

ဂျင်မီ စိတ်မသက်မသာဖြစ်ကြောင်း ရိပ်မိသောကြောင့် ဂရက်က

mgyoe.com

mgyoe.com


ကြိမ်းမောင်းသလိုလို၊ အားပေးသလိုလို လေသံမျိုးဖြင့် လှည့်ပြောသည်။

ဂျင်မီက တိတ်မြဲတိတ်နေသည်။ ဥဒဟို ပြေးလွှားနေကြသော ကား များကိုသာ ငေးကြည့်နေသည်။ လေအေးတိုက်နေသော်လည်း သူ့ လည် ချောင်းထဲမှာ ခြောက်နေသည်။

"ဒီနေ့ညလွန်သွားရင် တို့အားလုံး အစစအဆင်ပြေသွားပါပြီကွ"

ဂရက်က ကားကို ဂရုစိုက်မောင်းရင်း ဂျင်မီကို လှည့်ပြောပြန်သည်။ သို့သော်လည်း ဂျင်မီထံမှ ဘာစကားပြန်မှ မရ။

"ဒီနေ့ည တို့နှစ်ယောက် သေသေချာချာ ပွဲပေါက်တိုးတော့မယ်ဆိုတာ ငါ့စိတ်ထဲမှာ အလိုလို သိနေတယ်ကွ ဂျင်မီ၊ တို့မိသားစုတွေလည်း ချောင် ချောင်ချိချိ ဖြစ်ကြပြီပေါ့ကွာ"

ဂျင်မီထံမှ စကားပြန်မရသောကြောင့် ဂရက်ကပင် ဆက်ပြောသည်။

'မိသားစု' ဆိုသော စကားလုံးကို ကြားလိုက်ရသောကြောင့် ဂျင်မီက မိသားစုအကြောင်းကို စဉ်းစားလိုက်မိလေသည်။

မှန်ပါသည်။ ဂရက်ပြောသလိုပင် အားလုံးအဆင်ပြေသွားမည်ဆိုပါ က နာနာကို ကောင်းကောင်းစောင့်ရှောက် ယုယနိုင်တော့မည်။ နာနာ ဘယ်ရောက်နေသည်ကို တွေ့အောင်ရှာပြီး ကျေးဇူးဆပ်ရတော့မည်ဟုလည်း စိမ်ကိန်းချနေမိသည်။

သူ၏ နာနာသည် တစ်နေ့သောအခါတွင် အောက်ပါအတိုင်း တရား ရုံးတော်တွင် ထွက်ဆိုပေလိမ့်မည်။

"ဂျင်မီဟာ ကျွန်မရဲ့ သားအရင်း မဟုတ်ပါဘူး။ ဒါပေမဲ့ သူဟာ ကျွန်မရဲ့ တစ်ဦးတည်းသော သားကလေးပါ။ တကယ်ကတော့ ကျွန်မဟာ သူ့ရဲ့ ကြီးတော်ဖြစ်ပါတယ်။ သူ့အမေဟာ ကျွန်မရဲ့ ညီမအရင်း ဖြစ်ပါတယ်။ ကျွန်မတို့ ညီအစ်မနှစ်ယောက် အသက်ချင်း သိပ်ကွာပါတယ်။ ဒါကြောင့် သူ့အမေ ကျွန်မညီမ ငယ်ငယ်ကလေးကတည်းက ကျွန်မကပဲ ထိန်းကျောင်း ခဲ့ရပါတယ်။ နောက်ပြီးတော့ သူ့အမေ ကျွန်မညီမဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျပါတယ်။ သူ့ယောကျ်ားကလည်း သိပ်ကို ငယ်ပါတယ်။ သူတို့နှစ်ယောက်က ဂျင်မီကို မွေးတာဖြစ်ပါတယ်။ သူတို့အသက် ငယ်လွန်း တော့ ဒီကလေးကို ဘယ်လိုဆက်လက် မွေးမြူရမှန်းမသိလို့ ကျွန်မက

mgyoe.com

mgyoe.com


ယူမွေးခဲ့တာပါ။ အခုတော့ သူ့အဖေနဲ့ သူ့အမေလည်း ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းမသိတော့ပါဘူး"

"ဂျင်မီ သုံးနှစ်သားအရွယ်တုန်းက ကျွန်မခြေထောက်မှာ သေနတ် ဒဏ်ရာရခဲ့ပါတယ်။ မွေ့ရာနေလှန်းဖို့ သိမ်းရင်း မွေ့ရာအောက်မှာထားတဲ့ ကျွန်မယောကျ်ားရဲ့ ခြောက်လုံးပြူးသေနတ် ကပ်ပါလာပါတယ်။ ကျွန်မ လက်ထဲက မွေ့ရာလျှောကျမလိုဖြစ်လို့ ကမန်းကတန်း ခပ်တင်းတင်း ဆွဲ အယူလိုက်မှာ သေနတ်မောင်းခလုတ်ကို ဆွဲမိလျက်သားဖြစ်ပြီး ကျွန်မရဲ့ ဘယ်ဘက်ခြေထောက်ကို ထိမှန်ခဲ့ပါတယ်။ အဲဒီဒဏ်ရာက အကြောလိုက် ပြီး ကျွန်မအောက်တစ်ပိုင်း သေမလိုဖြစ်ခဲ့ပါတယ်။ အခုအထိလည်း ကောင်း ကောင်း မသန်ပါဘူး။ အိပ်ရာပေါ်မှာ တစ်နှစ်လုံးလုံး လဲနေခဲ့ပါတယ်"

"အဲဒီလို လဲနေတုန်း ဂျင်မီကပဲ ကျွန်မကို အသက်အရွယ်နဲ့ မလိုက် အောင် ဆေးပေးမီးယူလုပ်ပြီး ပြုစုခဲ့ရပါတယ်။ လက်တိုလက်တောင်း မှန် သမျှလည်း သူပဲ လုပ်ပေးခဲ့ရတာပါ။ ဒီအချိန်တုန်းက ကျွန်မတို့ သားအမိ နှစ်ယောက်ပဲ ရှိပါတယ်။ ကျွန်မရဲ့ ပထမယောကျ်ားက ကျွန်မ မစွမ်းမသန် ဘ၀နဲ့ အိပ်ရာထဲ လဲနေတာနဲ့ ကျွန်မကို ပစ်ပြေးသွားပါတယ်။

"သေနတ်ကျည်ဆန်ထွက်လို့ ကျွန်မ ဒဏ်ရာရခဲ့တဲ့နေ့ကစပြီး ကျွန်မ သားလေး ဂျင်မီဟာ စောင်ခေါင်းမြီးမခြုံဘဲ မအိပ်တော့ပါဘူး။ နေ့လယ် နေ့ခင်းမှာလည်း ဘယ်တော့မှ မအိပ်တော့ပါဘူး"

"ဂျင်မီ ခုနစ်နှစ်သားအရွယ်ရောက်တော့ သူနဲ့ကစားဖော် ကလေးတစ် ယောက် ကားတိုက်ခံရပါတယ်။ ကားတိုက်ခံရတယ်လည်းကြားရော ဂျင်မီ ဟာ ဘာကိုမှ ကြည့်မနေတော့ဘဲ တောထဲကို ထွက်ပြေးပါတော့တယ်။ အရပ်က လူကြီးတွေဝိုင်းရှာတော့ ချုံပုတ်တစ်ခုထဲကို ခေါင်းထိုးပြီး အပြင်မှာ ကိုယ်တစ်ပိုင်းထွက်နေတဲ့ ဂျင်မီကို တွေ့ကြရပါတယ်။ ကားတိုက်ခံရတဲ့ ကလေးသေပြီထင်ပြီး ကြောက်အားလန့်အားနဲ့ သူထွက်ပြေးသွားတာ ဖြစ် ပါတယ်။ ဟိုကလေးက မသေပါဘူး"

"သေနတ်ကို သူသိပ်ကြောက်တတ်တာနဲ့ ပတ်သက်ပြီး မှတ်မိတာ ကလေးတစ်ခုကို တင်ပြပါရစေ၊ ကျွန်မ အလုပ်လုပ်တဲ့ အိမ်ရှင်က တစ်ခါမှာ ခရစ္စမတ် လက်ဆောင်အဖြစ် ဂျင်မီကို ကလေးကစားစရာသေနတ်ကလေး

mgyoe.com

mgyoe.com

တစ်လက်နဲ့ သုံးဘီး ဘိုင်စကယ်ကလေးပေးပါတယ်။ အဲဒီကလေးကစား စရာ သေနတ်ကလေးကိုတောင် ဂျင်မီ မကိုင်ရဲလို့ သူများကို ပေးပစ်လိုက်ရ ပါတယ်"

"ကလေးချင်း ကစားကြပြီဆိုရင်လည်း တခြားကလေးတွေကသာ သူ့ကို ရိုက်နှက်ထိုးကြိတ်သွားစမြဲပါပဲ။ ကျွန်မသားလေးက ဘယ်တော့မှ ပြန်မလုပ်ဝံ့ပါဘူး။ အဲဒီလောက် သတ္တိနည်းပါတယ်"

အစရှိသဖြင့် ဂျင်မီ၏ နာနာ၊ သို့မဟုတ်အိုင်အိုနာက တရားရုံးတော် တွင် ထွက်ဆို အစစ်ဆေးခံပေလိမ့်မည်။

မှန်လည်းမှန်ပါသည်။ ဂျင်မီသည် နီဂရိုးလူမျိုးလည်းဖြစ်နေပြန်ရာ အစစအရာရာတွင် သူ့ဘက်ကချည်း ဘဝတစ်လျှောက်လုံး အရှုံးပေးခဲ့ရလေ သည်။

ဂျင်မီသည် ကျောင်းလည်းကောင်းကောင်းမနေရ။ သွားတတ် လာတတ် ရှိလာသောအရွယ်တွင် လမ်းဆားမှာ ဖိနပ်တိုက်သည့် အလုပ်ကို လုပ်ကိုင်ရသည်။

*

နာနာက တရားရုံးတော်ရှိ တရားသူကြီးနှင့် ဂျူရီလူကြီးများကို ဆက်လက်ထွက်ဆို သက်သေခံပြန်သည်။

"တစ်နေ့ကျတော့ ပုလိပ်တစ်ယောက်က ဂျင်မီကိုခေါ်ပြီး ကျွန်မ အိမ် တံခါးကို လာခေါက်ပါတယ်။ ဂျင်မီနဲ့ တခြားကလေးသုံးယောက်ဟာ စတိုး ဆိုင်ကြီးတစ်ခုကို ဖောက်ထွင်းဝင်ရောက်ပြီး ပစ္စည်းတွေ ခိုးယူတယ်လို့ ပြော ပါတယ်။ ဂျင်မီ ခိုးယူတဲ့ ပစ္စည်းတွေက ကင်းထောက်လူငယ် အသုံး အဆောင်တွေ ဖြစ်နေပါတယ်။

"တရားရုံးတင်ပြီး အမှုစစ်တဲ့အခါ ဂျင်မီက ကျောင်းမှာ သူ ကင်း ထောက်အဖွဲ့ဝင်ဖြစ်ကြောင်း၊ ဒါပေမဲ့ ကင်းထောက်အသုံးအဆောင်များကို အိမ်က ဝယ်မပေးနိုင်လို့ တစ်ခါမှ မသုံးစွဲခဲ့ဖူးကြောင်း၊ ယခု ကင်းထောက် ပစ္စည်းများကိုလိုချင်လို့ ဖောက်ထွင်းဝင်ရောက် ခိုးယူခြင်းဖြစ်ကြောင်း အစစ်ခံ ပါတယ်"

mgyoe.com

mgyoe.com


နာနာက ထိုသို့အစစ်ခံခဲ့သော်လည်း ထိုအမှုကြောင့် ကလေးထောင်တွင် ဂျင်မီ အကျဉ်းခံခဲ့ရသည့် အကြောင်းကိုမူ ထည့်သွင်းပြောဆိုသွားခြင်း မရှိချေ။

ထောင်ထဲမှာ နှစ်နှစ်ကြာနေခဲ့ပြီး အပြင်ပြန်ရောက်သောအခါ ဂျင်မီသည် ဖိနပ်တိုက်သည့်နေရာသို့ ပြန်ရောက်လာလေသည်။ ဖိနပ်တိုက်သည့်နေရာမှာ လူကလည်း စုံလှသည်။

လူစုံသည်ဆိုတော့ ဖိနပ်တိုက်သည့် လုပ်ငန်းတစ်ခုတည်းမဟုတ်တော့။ ရာဇဝတ်မှု အသေးအမွှားကလေးများကိုပါ ကြုံလျှင်ကြုံသလို ကျူးလွန်ကြလေသည်။

နီးရာစတိုးဆိုင်များသို့ဝင်ပြီး လစ်လျှင်လစ်သလို ရရာပစ္စည်းများကို ခိုးယူသည်။ အရက်မှောင်ခိုလုပ်ငန်း လုပ်ကြသည်။ ဖိနပ်တိုက်သည့်နေရာမှာ ရှိနေကြသူများအားလုံး မကောင်းမှုဒုစရိုက်ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများ ဖြစ်လေရာ ဂျင်မီလည်း သူတို့အုပ်စုထဲတွင် ရောနှော ပါဝင်နေလေတော့သည်။

ဂျင်မီ၏ မွေးစားအမေ နာနာက တရားရုံးတော်တွင် ဂျင်မီနှင့် ပတ်သက်ပြီး အောက်ပါအတိုင်း ထွက်ဆိုသွားဖူးသည်။

"၁၉၄၈ ခုနှစ် ကျတော့ ဘေကာဖီးအရပ်ကို ကျွန်မပြောင်းသွားပါတယ်။ ၁၉၅၁ ခုနှစ်ထိ နေပါတယ်။ ဂျင်မီကတော့ ကျွန်မနဲ့အတူတူ မနေတော့ပါဘူး။ ဒါပေမဲ့ ကျွန်မဆီကို မကြာခဏ ရောက်လာလေ့ရှိပါတယ်။ ကျွန်မနဲ့ ဆက်ဆံရာမှာလည်း အင်မတန် နူးညံ့သိမ်မွေ့ပါတယ်။ ဘယ်တော့မှ လေသံပြင်းပြင်းနဲ့ စကားမပြောပါဘူး။ ကျွန်မကိုလည်း အော်လား ငေါက်လား ဘယ်တော့မှ မလုပ်ပါဘူး။ ဒါကြောင့် ဒါလောက်ကြီးမားတဲ့ ရာဇဝတ်မှုကြီးတစ်ခုကို သူ ကျူးလွန်တယ်ဆိုတာ ကျွန်မအဖို့ မယုံကြည်နိုင်လောက်အောင် ဖြစ်နေပါတယ်။ ဘယ်နည်းနဲ့မှ သူ ကျူးလွန်မှာ မဟုတ်ဘူးဆိုတာ ကျွန်မ ယုံကြည်ပါတယ်။ ဂျင်မီဟာ အင်မတန်ကို စိတ်ထား နူးညံ့တဲ့ကလေးတစ်ယောက်ပါ"

*

mgyoe.com

mgyoe.com


အလွန်တရာ စိတ်ထားနူးညံ့ပါသည်ဆိုသော ဂျင်မီသည် ထောင်နှင့်အပြင်လောကကို အိမ်ဦးနှင့်ကြမ်းပြင်လို ကူးချည်သန်းချည် လုပ်နေလေတော့သည်။

အသက်နှစ်ဆယ် ပြည့်သောအခါ ဘိန်းဖြူပါ စွဲလာသည်။ ဘိန်းဖြူမှီဝဲရင်း ဘိန်းဖြူမှောင်ခိုလုပ်ငန်းများကိုပါ လုပ်ကိုင်လာသည်။

ထို့ကြောင့် ခိုးမှု၊ ဘိန်းဖြူမှောင်ခိုမှုများဖြင့် အဖမ်းခံရပြီး ထောင်ငါးနှစ်ကျသွားလေတော့သည်။

❑

mgyoe.com

mgyoe.com

# [ ၁ ]

ယနေ့ည ဘယ်ဆိုင်မှာဝင်ပြီး ညစာစားဖို့ကို အီယန်နှင့် ကားလ်တို့ နှစ်ယောက် တိုင်ပင်ညှိနှိုင်းနေရန် မလိုတော့ပါ။

စနေနေ့ညဘက် ကင်းလှည့်တာဝန်ကျသည့် ပုလိပ်အဖွဲ့ဝင်များ ဝင်ရောက်စားသောက်လေ့ရှိသည့် ဆိုင်တစ်ဆိုင် ရှိပါသည်။ ထို့ကြောင့် သူတို့ နှစ်ယောက်လည်း ထိုဆိုင်ထဲသို့ အလိုလို ဝင်မိလျက်သား ဖြစ်နေကြတော့သည်။

သူတို့နှစ်ယောက် ညစာစားနေကြခိုက်တွင် ဂရက်နှင့် ဂျင်မီတို့ နှစ်ယောက်၏ ဖို့ဒ်ကားကလေးက ဟောလီးဝုဒ်မြို့တွင်းသို့ ဝင်ရောက်လာလေပြီ။

*

ဂရက်က မော်တော်ကားကို မှန်မှန်မောင်းနေသည်။ ဂျင်မီက သူ့အား မှာထိုင်ရင်း စိတ်မငြိမ်မသက် ဖြစ်နေသည်။ ခါးမှာထိုးထားသည့် ပစ္စတိုသေနတ်ကိုလည်း မကြာခဏ ပြန်စမ်းကြည့်နေမိသည်။

"မင်း ဘာများသိသလဲ ဂျင်မီ" ဟု ဂရက်က ငြိမ်နေသော ဂျင်မီကို

mgyoe.com

mgyoe.com


လှည့်မေးသည်။

"ဘာကိုလဲ"

"ငါ ဘာတွေစဉ်းစားနေတယ်ဆိုတာ မင်းသိသလား၊ မင်းနဲ့ ငါဟာ နှစ်ပေါင်းများစွာကတည်းက အတူတွဲပြီး အလုပ်လုပ်လာခဲ့တဲ့ လုပ်ဖော်ကိုင်ဖက်ဟောင်းလို ငါ့စိတ်ထဲမှာ ခံစားနေရတယ်"

"ဟုတ်တာပေါ့ဗျာ"

ဂျင်မီက ကြည့်ကောင်းအောင် ပြန်ဖြေလိုက်ရသော်လည်း စိတ်ထဲကမူ ဂရက်ကို ကျိတ်ပြီးဆဲနေမိလေသည်။ မကြာခင် လမ်းခွဲတော့မည်ဟုလည်း ပိုင်းဖြတ်ထားသည်။

"စစ်မှန်တဲ့ လုပ်ဖော်ကိုင်ဖက်တစ်ယောက်ကို တွေ့ပြီဆိုရင် သူ့ကို လုံး၀ ယုံကြည်အားကိုးသင့်တယ်။ မင်းဟာ တကယ့်ကို ယုံကြည်အားကိုး ထိုက်တဲ့ လူတစ်ယောက်ပဲ။ ဒါကြောင့် မင်းကို ငါ သဘောကျတယ်"

ဂျင်မီကတော့ ငြိမ်နေသည်။ သူတို့နှစ်ယောက် စတင်တွေ့ကြသည်မှာ ရက်ပိုင်းကလေးမျှသာ ရှိသေးသည်။

*

ဂျင်မီသည် ထောင်ဘူး၀တွင်ထိုင်ရင်း ထောင်တွင်းမှာ ကုန်ဆုံးခဲ့ရသည့် အချိန်ကာလများအကြောင်းကို ပြန်လည်စဉ်းစားကြည့်နေမိသည်။

ယနေ့ ထောင်ကလွတ်သည့်နေ့ ဖြစ်သည်။

မူးယစ်ဆေး၀ါးဖြတ်သည့်ဆေးထိုးသည်။ ခြေချုပ်အရာရှိထံမှ ထောက်ပံ့ကြေးငွေထုတ်ယူသည်။ အပတ်စဉ် ခြေချုပ်အရာရှိထံသို့ လာရောက်သတင်းပို့ပြီး လက်မှတ်ရေးထိုးရဦးမည်။

ထောင်ကလွတ်သည်ဆိုသော်လည်း ကင်းကင်းရှင်းရှင်း လွတ်ခြင်းကား မဟုတ်ပါ။

ခြေချုပ်ကြီးက တန်းလန်းပါနေလေသည်။

သို့သော်လည်း ထောင်မှလွတ်ပြီး အပြင်လောကသို့ ရောက်လာရခြင်းသည် တစ်စုံတစ်ရာသော အတိုင်းအတာအထိ လွတ်မြောက်လာခြင်းသာလျှင် ဖြစ်ပါသည်။

mgyoe.com

mgyoe.com


ခြေချုပ်အရာရှိ ထုတ်ပေးလိုက်သည့် ထောက်ပံ့ငွေကလေးဖြင့် ဟိုတယ်တစ်ခုမှာ ဝင်ရောက်တည်းခိုကာ အပြင်လောက၏ လွတ်လပ်သော အရသာကို သုံးရက်လုံးလုံး တဝကြီး ခံစားပစ်လိုက်သည်။

သည်အတိုင်း ဆက်နေ၍မဖြစ်။ အလုပ်တစ်ခုခုတော့ ရှာလုပ်မှ ဖြစ်မည်ဟု ဆုံးဖြတ်ကာ အလုပ်ရှာသည်။

ကားရေဆေးသည့် လုပ်ငန်းတစ်ခုသို့သွားပြီး အလုပ်တောင်းသည်။ သို့သော် ထောင်ထွက်ဖြစ်နေသောကြောင့် အလုပ်မရခဲ့။

ကုန်တင်ကုန်ချ လုပ်ငန်းတစ်ခုမှာ အလုပ်သွားတောင်းသည်။ အလုပ်ရှင်က သူ့ကို ခြေဆုံးခေါင်းဖျား ကြည့်သည်။

"ကောင်းပြီ၊ အခုချက်ချင်း အလုပ်ဝင်တော့" ဟု အလုပ်ရှင်က မဆိုင်းမတွ ပြောသည်။

"နေပါဦးခင်ဗျာ၊ အခုကတည်းက ပြီးပြတ်အောင် စကားပြောပါရစေ၊ ကျွန်တော့်ကို လုပ်ခ ဘယ်လောက်ပေးမှာပါလဲ"

"အလုပ်ရှင်က ဂျင်မီကို သေသေချာချာ စိုက်ကြည့်ပြန်သည်။ ပြီးတော့ ပြုံးသည်။ ဂျင်မီကလည်း ဘာမှန်းညာမှန်းမသိဘဲ ရောယောင်ပြုံးသည်။

"ဒီနေ့ည ကိုးနာရီအထိ မင်းလုပ်နိုင်မယ်ဆိုရင် တစ်နာရီကို တစ်ဒေါ်လာပေးမယ်"

"ကောင်းပါပြီခင်ဗျာ၊ ကျွန်တော် အလုပ်လိုချင်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်မှာ ကိစ္စကလေးတွေ နည်းနည်းရှိနေသေးလို့ မနက်ဖြန်ကျမှ အလုပ်လာဝင်ရင် ဖြစ်နိုင်ပါ့မလား ခင်ဗျာ"

"ဖြစ်နိုင်ပါတယ် မောင်ရာ"

ဂျင်မီ နောက်ပိုင်းပြန်လှည့်ခဲ့သည်။ ပင်ပန်းကြီးစွာ ထမ်းပိုးပြီးမှ တစ်နာရီ တစ်ဒေါ်လာရမည်ဆိုတော့ သည်အလုပ်မျိုး ဂျင်မီ ဘယ်တုန်းကမှ အိပ်မက် မမက်ခဲ့ဖူးချေ။

နောက်နေ့တွင် ဘယ်နည်းနှင့်မှ သူပြန်လာလိမ့်မည် မဟုတ်ကြောင်းကိုလည်း အလုပ်ရှင်က အတပ်သိပြီး ဖြစ်ပါလိမ့်မည်။

နောက်ဆုံးတော့ သူ ဖိနပ်တိုက်ခဲ့သည့် နေရာသို့ပင် တစ်ပတ်ကျော့ပြန်ရောက်လာရလေတော့သည်။

mgyoe.com

mgyoe.com

သူ ဖိနပ်တိုက်ခဲ့သည့် နေရာက အလွန်တိုးတက်နေပြီ။ ဆိုင်တွေ ကနားတွေနှင့် သပ်သပ်ရပ်ရပ် တည်တည်တံ့တံ့ ဖြစ်နေသည်။ ထိုနေရာ တစ်ခုလုံးကို လက်ဝါးကြီးအုပ်ထားသူမှာ နီဂရိုးလူမျိုး စမောဆိုသူဖြစ်သည်။ ဂျင်မီနှင့် ယခင်ကတည်းက သိကျွမ်းခဲ့ဖူးသူ ဖြစ်လေသည်။

"ဘယ်လိုလဲဟေ့ ဂျင်မီ အခြေအနေတွေ ကောင်းရဲ့လား"

စမောက အရက်မူးသံကြီးနှင့် ဆီးကြိုနှုတ်ဆက်သည်။

"ကောင်းပါတယ်ဗျာ၊ ခင်ဗျားဆီမှာ ဖိနပ်တိုက်တဲ့အလုပ်ကလေးများ အဆင်ပြေရင် လုပ်မလားလို့လာတာပါ"

"သိပ်ဖြစ်တာပေါ့ မောင်ရာ၊ ဖိနပ်တိုက်တဲ့လူဟာ တစ်သက်လုံး ဖိနပ် တိုက်သမားပဲ ဖြစ်နေရတာပဲကွ"

ဘာအလုပ်မှ မရခင်တော့ ဖိနပ်တိုက်သည့် အလုပ်ကလေးကိုပင် မေးထားရဦးမည်ဟု ဂျင်မီ သဘောပိုက်လိုက်ကာ တစ်နေရာမှာ ဝင်ထိုင် သည်။

ထိုအခိုက် လူဖြူတစ်ယောက် ရောက်လာသည်။ စမောနှင့် တရင်း တနှီး ဆက်ဆံပြောဆိုကြသည်။ စမောက ထိုသူကို ဂျင်မီဆီသို့ ခေါ်လာ သည်။

"ဂျင်မီ သူက ဂရက်ပဲ၊ ဂရက် သူက ဂျင်မီ"

ဂရက်ဆိုသူက ဂျင်မီကို ခြေဆုံးခေါင်းဖျား ကြည့်သည်။ ဂျင်မီ စီးထား သည့် ထောင်ကထုတ်ပေးသော ဖိနပ်ကို မြင်သွားသည်။ ဖိနပ်က အသစ်ဖြစ် နေသည်။

"မင်းထွက်လာတာ မကြာသေးဘူးထင်တယ်" ဟု ဂျင်မီကို ဂရက်က မေးသည်။

"သုံးလေးရက်လောက်ပဲ ရှိပါသေးတယ်"

"ဘာမှုလဲ ဂျင်မီ"

"ဓားပြမှု"

ဂျင်မီက လိမ်ပြောလိုက်သည်။ မဖြစ်လောက်သော ခိုးမှုကလေးနှင့် ထောင်ကျရသည့်အကြောင်း ပြောပြနေလျှင် အထင်သေးသွားမည်ကို စိုးရိမ် သည်။ ထို့ကြောင့် အမှုခပ်ကြီးကြီး ဖြစ်သွားအောင် ပြောလိုက်ခြင်းဖြစ်သည်။

mgyoe.com

mgyoe.com


ဂရက်က ဂျင်မီကိုကြည့်ပြီး အတော်ကြာအောင် အကဲခတ်နေသည်။ ဂျင်မီကလည်း မျက်နှာအမူအရာမပျက်အောင် ရင်ကော့ပြီး ဣန္ဒြေဆောင်ထားသည်။

"လမ်း ဟိုဘက်ခြမ်းသွားပြီး တစ်ခုခု စားကြရအောင်လား" ဟု ဂရက်က ပြောသည်။

စမောနှင့်အတူ သူတို့သုံးယောက် လမ်းတစ်ဖ က်ခြမ်းရှိ စားသောက်ဆိုင်တစ်ခုသို့ ရောက်လာကြသည်။

"ဘာစားမလဲ ဂျင်မီ မင်းကြိုက်ရာ မှာစားပါ"ဟု ဂရက်က လိုလိုလားလား လေသံနှင့် ပြောသည်။

ဂျင်မီ၏ ဝမ်းထဲမှာ တကြုတ်ကြုတ်ဆာလာသည်။ သို့သော်လည်း ယခုမှ တွေ့ရသည့်လူမို့ အခွင့်အရေး အလွန်အကျွံမယူသင့်ဟု ဆုံးဖြတ်လိုက်သည်။

"ဆင်းဒဝစ်နဲ့ ကော်ဖီပဲ တော်ပါပြီဗျာ"

စားကြသောက်ကြရင်း ရောက်တတ်ရာရာများကို ပြောဆိုကြသည်။ စကားပြောကြည့်ရင်းဖြင့်ပင် စမောနှင့်ဂရက်သည် လုပ်ငန်းတစ်ခုကို အတူပူးပေါင်းလုပ်နေကြကြောင်း ဂျင်မီ အကဲခတ်မိသည်။

စားသောက်ပြီးသောအခါ ကျသင့်ငွေများကို စမောက ရှင်းသည်။ မလှမ်းမကမ်းမှာရှိသော စတိုးဆိုင်တစ်ခုသို့ သုံးယောက်စလုံး လျှောက်သွားကြသည်။ ဂရက်က နေကာမျက်မှန်တစ်လက်ဝယ်သည်။ ဂျင်မီကိုလည်း တစ်လက်ဝယ်ပေးသည်။ လက်ဆောင်ပေးတာပါဟုလည်း ပြောသည်။

ဂျင်မီက ကျေနပ်စွာ လက်ခံလိုက်သည်။ နေကာမျက်မှန် တပ်ဆင်လေ့ရှိသူတော့ မဟုတ်ပါ။

ဂျင်မီတည်းနေသည့် ဟိုတယ်သို့ ဂရက်နှင့်စမောက စတေရှင်ဝက်ဂွန်းကားကလေးနှင့် လိုက်ပို့ပေးသည်။ ထိုကားမှာ ဂရက်ပိုင်သော ကားဖြစ်သည်။

သူတို့နှင့်လည်း နောက်ထပ်ပြန်လည် တွေ့ဆုံနိုင်စရာ အကြောင်းမရှိတော့ဟု ဂျင်မီတွေးမိသည်။ ပြန်မတွေ့ရမည့်အတူတူ မိမိဘက်က အနိုင်နှင့်ပိုင်းလိုက်ရလျှင် အကောင်းဆုံးဖြစ်မည်ဟုလည်း သဘောရသည်။

"အားတော့နာပါတယ်ဗျာ၊ ဒါပေမဲ့ ကျုပ်အလုပ်အကိုင်ကလေး

mgyoe.com

mgyoe.com


အဆင်မပြေသေးခင်မို့ ငွေတစ်ဆယ်လောက် ချေးပါလား”

ဂျင်မီက တည့်တည့်ပင်ပြောသည်။ သူတို့နှင့် ပြန်တွေ့ရတော့မည် မဟုတ်သောကြောင့် ငွေတစ်ဆယ်ကိုလည်း ပြန်ဆပ်နေဖို့ လိုမည်မဟုတ်တော့ပါ။

“သိပ်ရတာပေါ့ ဂျင်မီ ရော့ ငါးဒေါ်လာ၊ စမော ခင်ဗျားက ငါးဒေါ်လာ ထုတ်ပေးလိုက်၊ ဒီမှာ ဂျင်မီ အဲဒီငွေဟာ ချေးတာမဟုတ်ဘူး၊ ပြန်ဆပ်ဖို့ မလိုဘူး။ မင်းကို တို့နှစ်ယောက်က အပေါင်းအသင်းအဖြစ် အသိအမှတ် ပြုတဲ့အနေနဲ့ လက်ဆောင်ပေးလိုက်တာ” ဟု ဂရက်က ပြောသည်။

ဂရက်တို့နှစ်ယောက် ကားမောင်းထွက်သွားကြသည်။ ဂျင်မီက မောင်းထွက်သွားသည့်ကားကို ထိုနေရာမှာပင်ရပ်ရင်း ငေးကြည့်နေမိသည်။ သူ့ကိုယ်သူလည်း မယုံကြည်နိုင်အောင် ဖြစ်သွားမိသည်။

တစ်ပြိုင်တည်းမှာပင် မိမိ၏ ကံကြမ္မာကောင်းလာပြီဟုလည်း ယူဆလိုက်မိလေသည်။

*

မတ်လ ၃ ရက်၊ တနင်္ဂနွေနေ့ မွန်းလွဲပိုင်းအချိန်ဖြစ်သည်။ ဂျင်မီတည်းနေသည့် ဟိုတယ်ခန်းထဲမှ တယ်လီဖုန်းခေါင်းလောင်းသံမြည်လာသည်။

“ဟိုင်း ဂျင်မီ”

တစ်ဖက်က ပျော်မြူးသည့်လေသံမျိုးဖြင့် အားပါးတရ ခေါ်သည်။ ရင်းနှီးလှိုက်လှဲသည့် လေသံလည်းပါသည်။ မည်သူဖြစ်ကြောင်း ဂျင်မီ ချက်ချင်းမှတ်မိလိုက်ပါသည်။

“ဟယ်လို”

“မင်းဘာလုပ်နေလဲ ဂျင်မီ”

“မှတ်ဆိတ်မွေးရိတ်နေတယ်၊ အပေါ်တက်ခဲ့လေဗျာ”

“မင်းအောက်ဆင်းခဲ့ပါ။ စမောလည်း ငါနဲ့အတူတူ ပါလာတယ်၊ မင်းကို ငါ့အိမ် အလည်ခေါ်သွားချင်လို့ မင်းကို ပြစရာလည်း တစ်ခုရှိနေတယ်”

“ကောင်းပြီ အခုဆင်းလာခဲ့မယ်”

mgyoe.com

m gyoe.com


ဂျင်မီက ချက်ချင်းပြန်ဖြေသည်။ ထိုအခိုက်အတန့်ကလေးသည် ဂျင်မီ၏ ဘဝကို တစ်မျိုးတစ်ဖုံ ပြောင်းလဲစေတော့မည့် အခိုက်အတန့်ကလေးဖြစ်ကြောင်းကိုကား ဂျင်မီ ကိုယ်ကိုယ်တိုင်ပင် သိရှိနားလည်ခြင်း မရှိပေ။

အောက်ထပ်သို့ ဆင်းသွားသာအခါ စတေရှင်ဝက်ဂွန်းကားထဲမှာ ဂရက်နှင့် စမောတို့နှစ်ယောက် ထိုင်စောင့်နေကြသည်ကို မြင်တွေ့ရလေသည်။

ဂျင်မီကို ကားပေါ်တင်ပြီး တစ်နေရာသို့ မောင်းသွားကြသည်။ ဂရက်နေသည့်အိမ်မှာ နီးဂရိုးရပ်ကွက်တွင်ဖြစ်နေသည်ကို မြင်တွေ့ရသောကြောင့် ဂျင်မီအံ့အားသင့်သွားသည်။

ဂရက်၏ဇနီး မက်ဖိုင်းကို တွေ့သောအခါ ပိုမိုအံ့သြရပြန်လေသည်။

နီဂရိုးရပ်ကွက်မှာ နေသာကြောင့် ဂရက်၏ဇနီးသည် နီးဂရိုးမ ဖြစ်ရမည်ဟု တွေးထင်ထားမိသည်။ သို့သော်လည်း လူဖြူဖြစ်နေသည်။ မက်ဖိုင်းသည် ကိုယ်ဝန်ကြီးနှင့်ဖြစ်နေသည်ကိုလည်း တွေ့ရသည်။ ရုပ်ရည်က သနားကမားရှိသည်။

"မက်ဖိုင်း အိပ်ခန်းထဲခဏဝင်နေစမ်း"

ဂျင်မီနှင့် စမောတို့နှစ်ယောက် ကုလားထိုင်မှာဝင်ထိုင်သည့်အချိန်မှာပင် ဂရက်က သူ့ဇနီးကို လှမ်းပြောသည်။ မက်ဖိုင်းက တစ်စုံတစ်ရာ ပြန်လည်ပြောဆိုခြင်း မပြုတော့ဘဲ ကျိုးနွံစွာဖြင့် အိပ်ခန်းထဲသို့ ဝင်သွားသည်။

ဂရက်သည် ရုတ်တရက် ဒေါသထွက်လာပုံပေါ်သည်။ ဂျင်မီက နားမလည်နိုင်သလို အကဲခတ်ကြည့်နေသည်။ စားပွဲအံဆွဲကိုဖွင့်ပြီး ခြောက်လုံးပြူးသေနတ် ထုတ်ယူသည်ကိုလည်း တွေ့ရသည်။

ခြောက်လုံးပြူးထဲမှာ ကျည်ဆန်ရှိ မရှိ ဖွင့်ကြည့်သည်။ သူလုပ်ပုံမှာ ကျွမ်းကျင်လွန်းလှသည်။ ရုပ်ရှင်ထဲမှာမြင်တွေ့ရသည့်ပုံမျိုးဖြစ်သည်။ ပြီးတော့ ခြောက်လုံးပြူးခါးချိတ်ကာ သူတို့ထိုင်နေရာသို့ လျှောက်လာပြီး စမောနှင့် မျက်နှာချင်းဆိုင်မှာ ရပ်သည်။

"ကျုပ်အိပ်ခန်းထဲက ငွေစက္ကူတွေကို ခင်ဗျား ဘာကြောင့် ယူရတာလဲ စမော"

mgyoe.com

mgyoe.com


စမောက ဂရက်ကို နားမလည်သလို မော့ကြည့်သည်။ ဂရက်၏ ခါးမှာချိတ်ထားသော ခြောက်လုံးပြူးကို တစ်လှည့်ကြည့်ပြန်သည်။ ခဏနေတော့မှ ပြန်ဖြေသည်။

"မင်း ဘာတွေ လာနောက်နေတာလဲ မင်းပြောတာ ငါ နားမလည်ဘူး၊ ဘာအကြောင်းပြောတာလဲ"

"ကျုပ်ပြောနေတာ ခင်ဗျားနားလည်ပါတယ်။ ကျုပ်ရဲ့ တစ်ဒေါ်လာတန် ငွေစက္ကူတွေကို ခင်ဗျားယူသွားတယ်။ မနေ့ မနက်တုန်းက မက်ဖိုင်းက မှန်တင်ခုံမှာ ရှိနေတယ်။ ဒီအိမ်ထဲမှာ ခင်ဗျားနဲ့ မက်ဖိုင်း နှစ်ယောက်ပဲ ရှိတယ်။ နောက်ပြီးတော့ ကျုပ်ပိုက်ဆံတွေ ပျောက်သွားတာပဲ။ မက်ဖိုင်းက တစ်အိမ်လုံးနှံ့နေအောင် ရှာပြီးပြီးတဲ့။ ဘယ်နေရာမှာမှ မတွေ့ဘူးတဲ့"

ဂရက်၏ လေသံက အနည်းငယ် ပြောင်းလဲလာသည်။ သေနတ်ကတော့ ခါးမှာ ချိတ်မြဲချိတ်လျက် ရှိနေသည်။ သို့သော်လည်း ဂျင်မီက သူ၏ မျက်လုံးပြာများကို မျက်တောင်မခတ် စိုက်ကြည့်ရင်း အကဲခတ်နေမိသည်။

"မနေ့တုန်းက ခင်ဗျား တစ်ဒေါ်လာတန် ငွေစက္ကူတွေ ဖောဖောသီသီ သုံးနေတာကိုလည်း ကျုပ် သတိထားခဲ့မိတယ်။ နောက်ဆုံးလုပ်ငန်းအပြီး ခင်ဗျားကို ကျုပ်ပေးလိုက်တဲ့ ပိုက်ဆံက နှစ်ဆယ်တန်စက္ကူတွေ"

"မင်း ပိုက်ဆံကို ငါမယူပါဘူးကွာ"

စမောသည် စောစောက တော်တော်ကလေး အရက်မူးနေလေရာ ယခုချက်ချင်း အရက်မူးပြေသွားလို ဖြစ်သွားသည်။

"ခင်ဗျား ကျုပ်ပိုက်ဆံကို ယူရုံမကဘူး။ ကျုပ်မိန်းမကိုလည်း မနေ့တုန်းက ပရောပရည်လုပ်တယ်။ မက်ဖိုင်းက ကျုပ်ကို အားလုံးပြန်တိုင်တယ်။ ခင်ဗျား ဘာပြောဦးမလဲ။ ထားလိုက်ပါတော့လေ။ ကျုပ်မိန်းမကို ပရောပရည်လုပ်တာတော့ ထားလိုက်ပါတော့။ ကျုပ်တို့သုံးယောက်ဟာ မိသားစုကလေးတစ်ခုလို ရင်းရင်းနှီးနှီးနေခဲ့ကြတယ်။ ဒီကြားထဲက ကျုပ် ပိုက်ဆံကို ခင်ဗျားခိုးတယ်"

"မဟုတ်ဘူး ဂရက် ကျိန်ပြောဆိုရင် ကျိန်ပြောပါ့မယ်"

"လုပ်မနေနဲ့၊ ခင်ဗျား ခိုးသွားတဲ့ ပိုက်ဆံတွေကို ကျုပ် ပြန်လိုချင်

mgyoe.com

mgyoe.com


တယ်"

စမောသည် စားပွဲပေါ်မှာရှိသော အရက်ပုလင်းကို ကောက်ယူပြီး ဖန်ခွက်ထဲထည့်ကာ တစ်ရှိန်ထိုး မော့ချသည်။ ထို့နောက် အိတ်ထဲမှ ပိုက်ဆံအိတ်ကို ထုတ်ကာ စားပွဲပေါ်သို့ ပစ်တင်ပေးလိုက်သည်။

"ငါ့ရှိသမျှ ပိုက်ဆံအဲဒီထဲမှာ အားလုံးပါတယ်။ တစ်ဆယ်တန်နဲ့ နှစ်ဆယ်တန်တွေချည်းပဲ။ မင်းမိန်းမက မင်းကို လိမ်ပြောတာပဲကွ"

ထိုစကားကြောင့် ဂရက်၏မျက်နှာ ပိုမိုနီရဲသွားသည်။ ခါးမှာ ချိတ်ထားသော ခြောက်လုံးပြူးကို ထုတ်သည်။ စမောကို ချိန်သည်။

"ကျုပ်မိန်းမ ဘယ်တော့မှ မဟုတ်တာမပြောဘူး။ ခင်ဗျား ယူတာကို ယူတယ်လို့ အမှန်အတိုင်း ဝန်ခံပါ"

စမောက ထိတ်လန့်စွာဖြင့် မော့ကြည့်နေသည်။ ဂျင်မီကမူ ဖိနပ် တိုက်သည့်အလုပ် ပြန်လုပ်နေတာပဲ ကောင်းပါလိမ့်မည်ဟု စိတ်ထဲမှ ကျိတ်တွေးနေမိလေသည်။

ဂရက်၏ မျက်နှာအမူအရာကိုလည်း သေချာစွာ အကဲခတ်ကြည့်နေမိသည်။ မျက်လုံးအစုံက ကြောက်မက်ဖွယ်ကောင်းလောက်အောင် အရောင်တောက်နေသည်ကို တွေ့ရသည်။ သည်မျက်လုံးမျိုးကို သူ့တစ်သက်တွင် မေ့နိုင်တော့မည်မဟုတ်ဟုလည်း ထင်မိသည်။ ဂျင်မီက တစ်စုံတစ်ရာ ဝင်ပြောရန် ကြိုးစားသည်။

သို့သော်လည်း ဂရက်က စမောကို လှမ်းပြောသောကြောင့် သူ စကား ပြောခွင့်မရလိုက်တော့ချေ။

"ခင်ဗျားကို သတ်ပစ်လိုက်မှ အေးတော့မယ် ထင်တယ်"

ဂရက်၏ စကားကြောင့် ဂျင်မီ ကတုန်ကယင် ဖြစ်လာသည်။

"ဂရက် မင်းကို ငါ ညီလေးတစ်ယောက်လိုချစ်ပါတယ်။ တို့နှစ်ယောက်ဟာ ညီအစ်ကိုအရင်းလို ဆက်ဆံနေကြတာ မဟုတ်လား။ မင်း ပိုက်ဆံကို ငါဘာကြောင့် ယူရမှာလဲ။ ယူရင် ယူတယ် ပြောမှာပေါ့"

"ခင်ဗျား ယူတယ်ဆိုတာ သေချာရင် ပစ်သတ်လိုက်တာ ကြာလှပြီ။ ခွေးသားကြီး နားလည်လား"

ဂရက် ပြောပြောဆိုဆို သေနတ်ကို ခါးမှာ ပြန်ချိတ်သည်။

mgyoe.com

mgyoe.com


"ငါမယူပါဘူး ဂရက်ရယ် ယုံပါ ငါမယူပါဘူး"

"ကျုပ်တို့ ဒီနေ့ည အပြင်ထွက်မယ်။ လုပ်ငန်းကို ခင်ဗျားတစ်ယောက်တည်း လုပ်ရမယ်။ ဂျင်မီ ကားမောင်းလိမ့်မယ်။ ခင်ဗျား လုပ်ပုံကိုင်ပုံတွေကို ကျုပ် ထိုင်ကြည့်မယ်။ ငွေမပါဘဲ ဆိုင်ထဲက ခင်ဗျား ပြန်ထွက်လာမယ်ဆိုရင် သေပြီသာမှတ်။ ကြားတယ် မဟုတ်လား"

"စိတ်ချပါ ဂရက် စိတ်ချပါ"

"ကျုပ်ပိုက်ဆံကို ခင်ဗျားမခိုးဘူးဆိုတာလည်း ဟုတ်ချင်ဟုတ်မှာပဲ။ ဘာပဲဖြစ်ဖြစ် ဒီနေ့ည ကျုပ်တို့အပြင်ထွက်မယ်။ ပိုက်ဆံရအောင် လုပ်ရမယ်။ ကျုပ်ပျောက်သွားတဲ့ ပိုက်ဆံတွေ ရင်းစားပြေမရအောင် ခင်ဗျားလုပ်ပေးရမယ်။ ကြားရဲ့လား"

"ကြားပါတယ် ဂရက် ရအောင်လုပ်ပေးပါ့မယ်။ စိတ်ချပါ"

စမော၏ မျက်နှာမှာ စောစောကသွေးရောင် ပျောက်သွားလေရာ ယခုမှ သွေးရောင် ပြန်ပေါ်လာသည်ကို ဂျင်မီ မြင်တွေ့ရလေသည်။

"ဂျင်မီ မင်း ကားမောင်းတတ်တယ်မဟုတ်လား"

ဂရက်က ဂျင်မီဘက်သို့ လှည့်မေးသည်။

"သိပ်ကို မောင်းတတ်တာပေါ့ဗျာ။ ကားမောင်းတာကိုလည်း ကျုပ်က အင်မတန် ဝါသနာပါတဲ့အကောင်ပဲ"

ဂျင်မီက မဆိုင်းမတွ ပြန်ဖြေသည်။

"ဒီလိုဆိုရင် မီးဖိုချောင်ထဲကို မင်း ခဏလိုက်ခဲ့ဦး။ ကျုပ်တို့ နှစ်ယောက် အရက် နည်းနည်းသွားသောက်လိုက်ဦးမယ်။ စမော ခင်ဗျား ကတော့ တော်လောက်ပြီ။ ဒီမှာ ခဏထိုင်စောင့်ပါ"

"ကောင်းပါပြီ ဂရက် မင်းကြိုက်သလို ဆုံးဖြတ်ပါ။ မင်း ဆုံးဖြတ်တာ မှန်သမျှ ငါ နာခံပါ့မယ်"

ဂျင်မီနှင့် ဂရက် မီးဖိုချောင်ထဲသို့ ဝင်လာကြသည်။ စမောက အပြင်ခန်းမှာ ကျန်နေခဲ့သည်။ မီးဖိုချောင်ထဲရောက်သောအခါ ဂရက်၏ဇနီး မက်ဖိုင်းက သူတို့နှစ်ယောက်အတွက် ဝီစကီများကို ဖောဖောသီသီ ထည့်ပေးသည်။ သည်လိုဆိုပြန်တော့လည်း ဂျင်မီမှာ စိတ်ချမ်းသာသလို ဖြစ်သွားပြန်လေသည်။

mgyoe.com

mgyoe.com


အရက်ကို နှစ်ကျိုက် သုံးကျိုက်လောက် သောက်ပြီးသောအခါ သွေးတိုးစမ်းသည့်အနေဖြင့် ဂျင်မီက စကားစကြည့်သည်။

"ပိုက်ဆံပျောက်တဲ့ကိစ္စမှာ ခင်ဗျား ဘယ်လိုခံစားနေရမယ်ဆိုတာ ကျွန်တော် သဘောပေါက်ပါတယ် ဂရက်၊ ကိုယ်ချင်းလည်း စာမိပါတယ်။ ဒါပေမဲ့ ကျွန်တော် ရိုးရိုးသားသား ပြောရမယ်ဆိုရင် စမောကို ကျွန်တော် ငယ်ငယ်ကလေးကတည်းက သိခဲ့ပါတယ်။ ဒါကြောင့် ခင်ဗျားပိုက်ဆံကို သူ မခိုးဘူးလို့ ကျွန်တော်ထင်တယ်။ တကယ်လို့ သူခိုးတယ်ဆိုရင်လည်း အရက်မူးလွန်နေလို့ ဖြစ်ပါလိမ့်မယ်။ ဘာပဲဖြစ်ဖြစ် သူ့ကို ခင်ဗျား ချမ်းသာ ခွင့်ပေးလိုက်တဲ့အတွက် ကျွန်တော် အများကြီး စိတ်ချမ်းသာသွားတယ်ဗျာ။ တကယ်ပြောတာပါ"

ဂရက်က ဂျင်မီကို ရင်းနှီးစွာ ပြုံးပြသည်။

"ငါလည်း အဲဒါကို စဉ်းစားမိပါတယ် ဂျင်မီ။ အရက်အလွန်အကျွံ သောက်လို့လည်း သူ့ကို ဒီတစ်ကြိမ် ငါ ချမ်းသာခွင့်ပေးလိုက်တာပဲ။ ဒါမှ မဟုတ်ရင် သူ့ခေါင်းထဲကို ကျည်ဆန်ထည့်ပေးလိုက်ပြီ"

"ဟုတ်တာပေါ့ ဂရက်၊ ကိုယ်နဲ့ လုပ်ဖော်ကိုင်ဖက် တစ်ယောက်ရဲ့ ပိုက်ဆံကို ခိုးတယ်ဆိုတာကတော့ အင်မတန် သစ္စာမဲ့ရာ ကျတာပဲ"

"ကဲ အတော်ကလေးတောင် မှောင်လာပြီ။ ညလုပ်ငန်းအတွက် လိုတာတွေ ပြင်ဆင်လိုက်ဦးမှပဲ"

ဂရက်က ကောက်ကာငင်ကာ ပြောပြီး အိပ်ခန်းထဲသို့ ဝင်သွားလေသည်။ ခဏကြာတော့ အနက်ရောင် ဝတ်စုံကို ဝတ်ဆင်ပြီး ပြန်ထွက်လာသည်။

"ငါ့ကိုကြည့်စမ်းပါဦး ဘယ်လိုနေသလဲ ဂျင်မီ"

"အား သိပ်ကို ကြည့်ကောင်းပါတယ် ဂရက်"

"ဘာပြောင်းလဲသွားသလဲလို့ ဆိုလိုတာပါ၊ ငါ့ရုပ် ပြောင်းမသွားဘူးလား"

"အိုး သိပ်ကို ပြောင်းသွားတာပေါ့"

ဂျင်မီက ကမန်းကတန်းပြန်ဖြေသည်။ စိတ်ထဲမှာလည်း မသက်မသာ ဖြစ်လာသည်။ ဂရက် ဒေါသပေါက်ကွဲဦးမည်ကို စိုးရိမ်သောကြောင့် ဖြစ်

mgyoe.com

mgyoe.com


သည်။

"ဘာကြောင့် ငါ့ရုပ်ပြောင်းသွားတယ်ဆိုတာ မင်း သိသလား"

"မသိဘူး အင်း သိတော့ သိသလိုလိုပဲ၊ ဒါပေမဲ့ မသေချာဘူး ဂရက်။ ခင်ဗျား ရုပ်ကတော့ ပုံစံတစ်မျိုး ပြောင်းသွားတာ အမှန်ပဲ။ နည်းနည်းလောက် အစဖော်ပေးရင် ဘာကြောင့် ပြောင်းသွားတယ်ဆိုတာ ပြောနိုင်မလား မသိဘူး"

"ဟောဒါပေါ့ကွ"

ဂရက်က ဂုဏ်ယူဝင့်ကြွားသည့် အမူအရာ လေသံဖြင့် သူ့နားရွက်တစ်ဖက်ကို လက်ညှိုးထိုးပြသည်။

"အမွေးကလေးတွေပါတဲ့ မှဲ့တစ်လုံး ဟောဒီနားရွက်ပေါ်မှာ တပ်လိုက်တယ်လေကွာ။ မင်း မှတ်ထား ဂျင်မီ။ သေနတ်နဲ့ ရင်ဆိုင်ရတဲ့ လူတိုင်းဟာ သေနတ်သမားရဲ့ ကိုယ်ပေါ်က ထင်ရှားတဲ့ အမှတ်အသားတစ်ခုခုကို အလွယ်တကူ သတိရတတ်ကြတယ်။ ငါ့ကိုယ်ပေါ်မှာ သူတို့ မှတ်မိကြတာကတော့ ဟောဒီမှဲ့ပဲ။ ဒါပေမဲ့ အလုပ်လည်း ပြီးသွားရော ငါ့နားရွက်မှာ မှဲ့မရှိတော့ဘူး"

"ဪ... ဒီလိုကိုး ပိရိပါပေ့ဗျာ"

"နောက်ထပ် မင်းဘာသတိထားမိသေးသလဲ"

"နောက်ထပ်ကျန်သေးလို့လား"

"ကျန်သေးတာပေါ့ကွ၊ ငါ့ရုပ်က လုံးလုံးပြောင်းသွားတော့ မင်း သတိထားမိတော့မှာ မဟုတ်ဘူး။ ဟောဒီမျက်ခုံးမွေး ပုံစံလေကွာ။ မျက်ခုံးမွေးတွေ ပိုထူမလာဘူးလား၊ လေးထောင့်ပုံသဏ္ဍာန်ကြီးလို ဖြစ်မနေဘူးလား"

"ဟုတ်ပါရဲ့ဗျာ ခင်ဗျားပြောတော့မှပဲ သတိထားမိတော့တယ်။ ဒါကြောင့် ခင်ဗျားရုပ်ဟာ လုံးလုံးလျားလျား ပြောင်းလဲသွားတော့တာကိုး"

ထို့နောက် သူတို့သုံးယောက် အောက်ထပ်သို့ ဆင်းလာခဲ့ကြသည်။

"ဂျင်မီ မင်းကားမောင်း"

ဂရက်၏ အမိန့်အတိုင်း ဂျင်မီက စတေရှင်ဝက်ဂွန်းကား၏ ကားမောင်းသူနေရာမှာ ဝင်ထိုင်သည်။ ဂရက်က မက်ဗိုင်းနှင့် နှုတ်ဆက်နေသေးသည်။ သူတို့နှစ်ယောက် အဖြစ်သည်းနေကြသည်မှာ ဘေးလူပင် မျက်စိ

mgyoe.com

mgyoe.com


ရှက်စရာ ကောင်းနေတော့သည်။

"စမော ဂျင်မီဘေးမှာ ခင်ဗျား ကပ်ထိုင်ပါ"

ဂရက်၏ အမိန့်အတိုင်း စမောက ဂျင်မီဘေးမှာ ဝင်ထိုင်သည်။ သူတို့နှစ်ယောက် နေထားတကျဖြစ်တော့မှပင် ဂရက်က အစွန်ဆုံးမှာ နေရာယူသည်။

ဂရက်ညွှန်ကြားသည့် လမ်းများအတိုင်း ဂျင်မီက မောင်းလာခဲ့သည်။ တစ်နေရာသို့ရောက်သောအခါ လမ်းဘေးရှိ စတိုးဆိုင်တစ်ခုကို ညွှန်ပြသည်။

"ဟောဒီဆိုင်ကို ငါဝင်ထွက်ဖူးတယ် ဂျင်မီ မြိုးမြိုးမြက်မြက်ကလေးကို ရလိုက်တာပေါ့။ အလုပ်လုပ်ရတာဟာ အခုလို ညကိုးနာရီနောက်ပိုင်းမှာ ပိုကောင်းတယ်ကွ။ ဆိုင်ကြီးတွေကတော့ ပိတ်ကုန်ပြီ။ ဒါပေမဲ့ အရက်ဆိုင်ကလေးတွေက မှိုလိုပေါက်ရှိနေကြတာ မဟုတ်လား။ ဘယ်ဆိုင်ဝင်ဝင် အလုပ်ဖြစ်ဖို့ သေချာသလောက်ပဲ။ နောက်ပြန်လှည့်တော့ ဂျင်မီ မဟုတ်ဘူး။ ဂငယ်ကွေ့ ကွေ့ဖို့ပြောတာ"

ဂရက်ညွှန်ပြသည့်လမ်းအတိုင်း နောက်ပြန်လှည့်ပြီး မောင်းလာခဲ့ရပြန်သည်။

တစ်နေရာသို့ရောက်သောအခါ အမှောင်ရိပ်အောက်မှာ ကားကိုရပ်ခိုင်းသည်။

အချိန်က ည ကိုးနာရီခွဲနေပြီ။ ဆိုင်များမှာ မီးရောင်ထိန်ထိန်လင်းနေသည့် ဆိုင်များရှိသလို အမှောင်ရိပ်ခပ်ကျကျတွင် ဖွင့်ထားသော ဆိုင်များလည်း ရှိလေသည်။

"စမော ကျုပ်ပြောတာကို သေသေချာချာနားထောင်။ ဟောဒီဆိုင်ထဲမှာ ကျုပ်တို့ ငွေ ငါးဆယ်လောက်အသာကလေး ရနိုင်တယ်။ ကျုပ်ဆီကလည်း ခင်ဗျားခိုးသွားတာ ငွေငါးဆယ်ပဲ မဟုတ်လား။ ဒါကြောင့် ဟောဒီဆိုင်ထဲက ငွေငါးဆယ်ရအောင် ခင်ဗျား ပြန်ယူပေးပါ။ ဒီလိုမှ ယူမပေးနိုင်ရင် ကျုပ်အိပ်ခန်းထဲက ငွေကို ခိုးတဲ့လူဟာ ခင်ဗျားပဲလို့ သတ်မှတ်ရမယ်"

ဆိုင်တစ်ဆိုင်ကို ညွှန်ပြပြီး ဂရက်ကပြောသည်။ ဂရက်ပြောသည့် အဓိပ္ပာယ်ကို ဂျင်မီ သဘောမပေါက်နိုင်လောက်အောင် ဖြစ်နေမိသည်။ သူ့ အိပ်ခန်းထဲမှပျောက်သွားသော ငွေကိုခိုးသူမှာ စမောဖြစ်သည်ဟု စွပ်စွဲ

mgyoe.com

mgyoe.com


ခဲ့သည်။ ထိုသို့စွပ်စွဲပြီးမှ 'မိမိမခိုးကြောင်း သက်သေထူလိုလျှင် သည်ဆိုင်ထဲက ငွေငါးဆယ် ရအောင်ယူပေး" ဟူသော သဘောမျိုးမှာ ဘာကိုဆိုလိုသနည်း။

နားမလည်နိုင်သည့်အတူတူ တိတ်တိတ်နေခြင်းက ကောင်းပါသည်ဟု ဆုံးဖြတ်လိုက်ကာ နှုတ်ဆိတ်နေလိုက်တော့သည်။

သို့သော်လည်း နောက်ဆုံးအချိန်ကလေးတွင် ဂရက်က သူ့ ဆုံးဖြတ်ချက်ကို ပြောင်းလိုက်ကာ ဆိုင်တွင်းသို့ စမောကို မလွှတ်တော့ဘဲ သူကိုယ်တိုင်ဝင်သွားလေသည်။ ဂျင်မီနှင့် စမောတို့ နှစ်ယောက်က ကားထဲမှာ ထိုင်စောင့်နေရစ်ခဲ့ကြသည်။

ဂရက်က ဆိုင်တွင်းရှိ အရက်ကောင်တာသို့ တန်းတန်းမတ်မတ်လျှောက်သွားသည်။

"ရှန်လေတစ်ပုလင်းပေး" ဟု ဆိုင်ရှင်ကို ပြောသည်။

"ဘာအရက်အမျိုးအစား လိုချင်တာလဲ။ ရှန်လေဆိုတာက ကုန်အမှတ်တံဆိပ်လေ" ဟု ဆိုင်ရှင်က ပြန်ပြောသည်။

"ဒါဖြင့်လဲ ဆီဂရမ် ဝီစကီတစ်ပုလင်းပေးဗျာ"

ဆိုင်ရှင်က အရက်ပုလင်းသွားယူသည်။ ကောင်တာသို့ သူပြန်လာသောအခါတွင် ဂရက်လက်ထဲမှ သေနတ်နှင့် ရင်ဆိုင်တိုးနေရလေတော့သည်။

"ရှိသမျှ ပိုက်ဆံအကုန်ပေး၊ အော်မယ်ကြံရင် ခင်ဗျားခေါင်းကို ချေပစ်လိုက်မယ်။ နားလည်လား"

မလှမ်းမကမ်းမှာ အရက်ထိုင်သောက်နေကြသူများကမူ ဘာတစ်ခုမျှ မရိပ်စားလိုက်မိကြချေ။

မိနစ်ပိုင်းကလေးအတွင်းမှာပင် စတေရှင်ဝက်ဂွန်းကားပေါ်သို့ ဂရက်ပြန်ရောက်လာသည်။ ဂျင်မီကလည်း အဆင်သင့် ပြင်ထားသည့်အတိုင်း ဟန်မပျက် မောင်းထွက်လာသည်။

ကားဘီးလိမ့်စမှာပင် ပေါက်ကွဲသံတစ်ခုကို ရုတ်တရက် ကြားလိုက်ရသည်။

"ဟ ကျုပ်တို့ကို သေနတ်နဲ့ လိုက်ပစ်နေပြီ"

mgyoe.com

mgyoe.com


ဂျင်မီက အထိတ်တလန့်ပြောရင်း အခြားကားများကြားသို့ မောင်းဝင်လာခဲ့သည်။ သူ့တစ်ကိုယ်လုံးလည်း ချွေးစေးများ ပြန်လာသည်။ သူတို့ကိုဆိုင်ရှင်က သေနတ်နှင့် လိုက်ပစ်ခြင်း ဖြစ်ပါသည်။

"ကျွန်တော်တို့ကို သေနတ်မှန်သွားသေးသလားဟင်"

ဂျင်မီက ဂရက်ကို ပြန်မေးသည်။ သူ့အသံများတုန်နေသည်ကို မပေါ်အောင် ကြိုးစားဖုံးဖိသော်လည်း မအောင်မြင်ချေ။

"ဟား ဟား ကိုယ့်လူကလည်း တော်တော် သတ္တိနည်းသေးတာပဲ။ မှန်ရင် ဒီလိုမေးပါ့မလားကွ။ ဟိုငတိတွေကို အထင်မကြီးစမ်းပါနဲ့။ ထင်ရာလျှောက်ပစ်နေတာပါ။ သူတို့ရှေ့မှာ ရောမတိုက်ကြီးတစ်လုံးချပေးပြီး ပစ်စမ်းကွာဆိုရင်တောင် မှန်အောင်ပစ်နိုင်တဲ့ငတိတွေ မဟုတ်ပါဘူး"

ဂရက်က သဘောကျသဖြင့် တဟားဟား ရယ်နေသည်။ မရယ်နိုင်သူမှာ ဂျင်မီဖြစ်သည်။

ဒါဟာ ငါ့ဘဝမှာ ပထမဆုံးအနုကြမ်းစီးဖြစ်ခြင်းပဲဟုလည်း စိတ်ထဲက ကျိတ်တွေးနေမိသည်။ နောက်ပြီးတော့ ဘဝတစ်လျှောက်လုံးတွင် ပထမဆုံးအချိန် သေနတ်နှင့် လိုက်လံပစ်ခတ်သည်ကို ခံရဖူးခြင်းလည်း ဖြစ်လေသည်။

ထိမှန်သည် မထိမှန်သည်မှာအပထား၊ ပထမဆုံးကြုံတွေ့ရသည့် အတွေ့အကြုံများဖြစ်သောကြောင့် စိတ်လှုပ်ရှားရသည်ကတော့ ထူးကဲလှလေသည်။

ဂရက် လမ်းညွှန်သည့်အတိုင်း သတိထားပြီး ကားကို ဆက်မောင်းခဲ့သည်။

"စမော ခင်ဗျား ဆံပင်သွားညှပ်တဲ့ဆိုင်ဘေးက အရက်ဆိုင်တစ်ခုကို မှတ်မိတယ် မဟုတ်လား"

ကားမောင်းလာရင်း တစ်နေရာရောက်တော့ ဂရက်က စမောကို လှည့်မေးသည်။

"မှတ်မိတယ်"

"အဲဒီဆိုင်ကို သွားမယ်၊ အဲဒီဆိုင်လည်း မဆိုးပါဘူး"

ဂရက်က မောင်းရမည့်လမ်းများကို ဂျင်မီအား ညွှန်ပြရင်း စောစောက

mgyoe.com

mgyoe.com
သူ အနုကြမ်းစီး၍ ရရှိလာသည့် ပိုက်ဆံများကို ထုတ်ရေသည်။

"ညဲ့လိုက်တာကွာ၊ အားလုံးပေါင်းမှ လေးဆယ်ကျော်ကလေးပဲရတယ်။ သူ့ကောင်တွေ ငွေသိမ်းပြီးခါစနဲ့တူတယ်"

ဂရက်က ငွေအရနည်းသည့်အတွက် မကျေမနပ် ပြောနေသည်။ သူတို့သွားချင်သည့်ဆိုင်နှင့် မလှမ်းမကမ်းသို့ ရောက်လာသည်။

"ဂျင်မီ လမ်းဘေးမှာ အသာရပ်ထား၊ စမော ပိရိပေစေနော်၊ အင်္ကျီအိတ်ထဲမှာ လက်နှိုက်ထား၊ အိတ်ထဲမှာသေနတ်ပါတဲ့ ပုံစံမျိုးလုပ်"

"ဒါတွေက အလွယ်ကလေးပါကွာ၊ ငါလုပ်နေကျ အလုပ်တွေပါ"

စမောက ထိုသို့ပြန်ပြောပြီး ခပ်ယိုင်တိုင်တိုင်ဖြင့် လမ်းတစ်ဖက်သို့ ဖြတ်လျှောက်သွားသည်။ ကုတ်အင်္ကျီအိတ် တစ်ဖက်ထဲသို့လည်း လက်နှိုက်ထားသည်ကို တွေ့ရသည်။

သည်လိုနေရာမျိုးတွင် ဂရက်ကဘာကြောင့် သေနတ်မပေးလိုက်သနည်းဆိုသည်ကိုလည်း ဂျင်မီက စဉ်းစားကြည့်နေသည်။ သို့သော်လည်း အဖြေပေါ်မလာပါ။ တကယ်ဆိုတော့ စမောကိုယ်တိုင် အရက်အတော်ကလေးမူးနေသဖြင့် တာဝန်မပေးသင့်ဟု သဘောရသည်။ သူတို့၏ အကျင့်စရိုက်များကို နားမလည်နိုင်အောင်လည်း ဖြစ်နေမိသည်။

"ဂရက် ဒီနေရာမှာ သူ့ကို တစ်ယောက်တည်း တာဝန်မပေးသင့်ဘူးထင်တယ်။ သူ အတော်ကလေး မူးနေတယ်" ဟုလည်း ဂရက်ကို မရွံ့မရဲ ပြောကြည့်မိသည်။

"သူ ဘာလုပ်နေတယ်ဆိုတာ သူ ကောင်းကောင်း သိပါတယ်ကွာ"

ဂရက်က ထိုမျှသာ ပြန်ပြောသည်။ ပြီးတော့ စမော ပြန်ထွက်လာမည့်အချိန်ကို စိတ်မရှည်နိုင်သလို စောင့်နေသည်။

"ဒါလောက်လွယ်တဲ့နေရာကလေးကိုမှ အောင်မြင်အောင် မလုယက်နိုင်ဘူးဆိုရင် စမောဟာ ဘာမှ သုံးလို့ရတော့မှာ မဟုတ်ဘူး ဂျင်မီ။ ဒါကြောင့် သူ့အစွမ်းအစကိုလည်း သေသေချာချာ သိချင်လို့ စမ်းတာ"

စမောသည် တော်တော်နှင့် ပြန်ထွက်မလာချေ။ စိတ်မရှည်နိုင်တော့သည့်အဆုံးတွင် ဂရက်က ဆိုင်ထဲသို့ လိုက်သွားဖို့ ပြင်ဆင်သည်။

ထိုအချိန်မှာပင် စမော ခပ်တည်တည် ပြန်ထွက်လာသည်။ လက်ထဲ
mgyoe.com

mgyoe.com


မှာလည်း ပလတ်စတစ်အိတ်တစ်လုံး ကိုင်ထားသည်။ ထိုပုံပန်းသဏ္ဍာန်ကို မြင်ရခြင်းအားဖြင့် လုပ်ငန်း မအောင်မြင်ခဲ့ကြောင်း သိသာနေသည်။

ထင်တဲ့အတိုင်းပင် ဖြစ်ပါသည်။ စမောက အရက်တစ်ပုလင်းကိုင်ပြီး ကားပေါ်သို့ တက်ထိုင်သည်။

"မဖြစ်ဘူး ဂရက် ဆိုင်ထဲမှာ အရောင်းစာရေးသုံးယောက်ရှိနေတယ်။ တစ်ယောက်က ငါနဲ့သိတာကြာလှပြီ။ ငါ လုပ်လို့မဖြစ်ဘူး" ဟုလည်း စိတ်ပျက်သံဖြင့် ပြောသည်။

"သေချာရဲ့လားဗျ"

ဂရက်က မယုံကြည်သလို ပြန်မေးသည်။

"သေချာပါတယ်ကွာ၊ သိပ်ကိုသေချာပါတယ်။ ဒီကောင်ကို ဂျင်မီလည်း သိတာပဲ။ အရင်တုန်းက ၅ လမ်းမှာ ကက်ဆက်ခွေနဲ့ ဓာတ်ပြားအရောင်းဆိုင် ဖွင့်ခဲ့သေးတယ်" ဟု ပြောရင်း စမောက ဂျင်မီကိုပါ မေးငေါ့ပြသည်။

သူ့မျက်နှာကို လှမ်းကြည့်လိုက်သည်တွင် ကြောက်ရွံ့စိုးရိမ်မှုများ ထင်ရှားစွာ ပေါ်လွင်နေသည်ကို ဂျင်မီပါ သတိထားလိုက်မိလေသည်။

ဂရက်ကလည်း စမောကိုကြည့်ပြီး မကျေမနပ်နှင့် အံကြိတ်နေသည်။ သည်လိုဆိုတော့ ကြားဝင်မှပင် ဖြစ်တော့မည်ဟု ဆုံးဖြတ်လိုက်ရပြန်သည်။

"အံကြိတ်မနေနဲ့ဦး ဂရက်၊ သူပြောတာ ဟုတ် မဟုတ် ကျုပ်ဝင်ကြည့်လိုက်မယ်"

"သွားကြည့်စမ်းပါကွာ၊ သေသေချာချာ ကြည့်ခဲ့"

ဂျင်မီက ကားပေါ်မှဆင်းပြီး စောစောက စမောဝင်သွားခဲ့သည့် ဆိုင်ထဲသို့ ဝင်ခဲ့သည်။ သို့သော်လည်း စမော ပြောသကဲ့သို့ သူနှင့်သိသူ တစ်ယောက်မျှ မရှိပါ။ သေချာအောင်ကြည့်ပြီး စီးကရက်တစ်ဘူး ဟန်မပျက် ဝယ်ကာ ပြန်လာသည်။

"ဟုတ်တယ်ဗျ။ စမောပြောတာမှန်တယ်။ အဲဒီအကောင်ပဲ ၅ လမ်းမှာ အသားဆိုင်ဖွင့်ခဲ့တဲ့ အကောင်လေ" ဟု ဂရက်က ပြန်ပြောသည်။

"စမော ခင်ဗျားပြောတုန်းက ကက်ဆက်ခွေနဲ့ ဓာတ်ပြားဆိုင်ဖွင့်တဲ့ အကောင်ဆိုဗျ"

mgyoe.com